# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၄၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များသည် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အင်ဂျင်နီယာဆိုင်ရာနည်းပညာများကို ကြိုးစားလေ့လာပြီး စွမ်းရည်ထက်မြက်သည့်တပ်ဖွဲ့တစ်ခုဖြစ်အောင် ကြိုးစားတည်ဆောက်

## နိုင်ငံတော်နှင့်တပ်မတော်က အားကိုးအားထားပြုရသည့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက်ရပ်တည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

(၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့်တည်ခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ (၇၅) နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊


*စာမျက်နှာ ၃ ကော်လံ ၁* ❊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာစဉ်။




## နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး တောင်ယာမီး၊ တောမီးမရှို့ရန် တားဆီးပညာပေး

နှစ်စဉ် နွေဦးကာလသို့ ရောက်ရှိသည့်အခါတိုင်း တောင်ယာမီးရှို့ခြင်းနှင့် တောမီးလောင်ခြင်းတို့ကြောင့် မီးခိုးမြူငွေ့များ ဖြစ်ပေါ်လေ့ရှိပြီး လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား စသည့်နိုင်ငံတို့တွင် လေထုညစ်ညမ်းမှုဒဏ်ကို ခံစားကြရသည်။ တောင်ယာမီး၊ တောမီးတို့ကြောင့် ထွက်ပေါ်လာသည့် မီးခိုးငွေ့များသည် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ အတားအဆီးမရှိ ဝင်ရောက်ပြီး ဒေသခံပြည်သူတို့အပေါ် ကျန်းမာရေးအန္တရာယ်များ ဖြစ်ပွားစေခြင်းကြောင့် အဆိုပါနယ်စပ်ဖြတ်ကျော်မီးခိုးမြူများ (Transboundary Smoke) ကို ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာနိုင်ငံတို့က ကြိုးပမ်းနေကြရသည်။

တောမီးလောင်ခြင်း၊ တောမီးရှို့ခြင်း၊ တောင်ယာမီးရှို့ခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့တွင် အလွန်သေးငယ်သည့် အမှုန်အမွှားများ Particulate Matter (PM 2.5 နှင့် PM 10)၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ်၊ အိုဇုန်း၊ ရေငွေ့နှင့် အခြားအဆိပ်ဓာတ်ငွေ့များ ရောနှောပါဝင်လျက်ရှိသည်။ နှစ်စဉ် တောင်ယာမီးရှို့ကြသည့် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖြတ်ကျော်နေသည့် မီးခိုးမြူများ၊ ပြာမှုန်များ ရက်ရှည်ကြာစွာ ဖုံးလွှမ်းကျဆင်းမှုကြောင့် မျက်စိစပ်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာခေါင်းသွေးယိုခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ခံစားကြရသည်။ မီးခိုးမြူငွေ့တွင် ပါဝင်သည့် ကာဗွန်မိုနောက်ဆိုဒ်သည် ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ ရင်ဘတ်အောင့်ခြင်းနှင့် ကြာမြင့်စွာရှူရှိုက်နေရပါက သေဆုံးသွားနိုင်သည်။ ဆာလ်ဖာဒိုင်အောက်ဆိုဒ်သည် နှာခေါင်းနှင့် လည်ချောင်းယားယံခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခြင်း၊ ရင်ဘတ်တစ်ဝိုက် တင်းကျပ်ခြင်း၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်ကို အချိန်ကြာကြာရှူနေရပါက ချောင်းဆိုးရင်ကျပ်ခြင်း၊ အဆုတ်ကိုထိခိုက်စေခြင်း၊ ပန်းနာရင်ကျပ်ရှိသူများ ပိုမိုဆိုးရွားစေခြင်း၊ အရေပြားယားယံခြင်း၊ အလွန်သေးငယ်သည့် အမှုန်အမွှားများသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်သို့ရောက်ရှိကာ နှလုံးရောဂါနှင့် အဆုတ်ကင်ဆာ ဖြစ်ပွားနိုင်စေပြီး မြေပြင်အိုဇုန်းဓာတ်သည် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ဖြစ်ပွားစေသည်။

မီးခိုးမြူများကြောင့် လူများ၏ ကျန်းမာရေးကိုသာမက ပတ်ဝန်းကျင်အခြေအနေများကိုလည်း ယိုယွင်းထိခိုက်စေနိုင်သည်။ မီးခိုးမြူများကျရောက်ခြင်းကြောင့် ယာဉ်များသွားလာမှု၊ လေယာဉ်များဆင်းသက်မှုတို့အပေါ် အန္တရာယ်ဖြစ်စေနိုင်သည်။ ကျောင်းများပိတ်ရခြင်း၊ ဈေးများပိတ်ရခြင်းတို့ကြောင့် ပညာရေး၊ စီးပွားရေးတို့ ထိခိုက်နစ်နာရသည်။ သို့ဖြစ်ရာ တောင်ယာမီး၊ တောမီးတို့ကြောင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူများ မဖြစ်ပေါ်စေရေး၊ လေထုညစ်ညမ်းမှုလျှော့ချရေးတို့ကို နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့်အလျောက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution) ကို ၂၀၀၃ ခုနှစ် မတ်လ ၅ ရက်က သဘောတူလက်မှတ်ရေးထိုးရာတွင် မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းပါဝင်ခဲ့သည်။ အဆိုပါ သဘောတူညီချက်အရ တောင်ယာမီးရှို့ခြင်း၊ တောမီးလောင်ခြင်းနှင့် အခြားမီးလောင်ကျွမ်းမှုအမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်လာသည့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု ပြဿနာများကို စောင့်ကြပ်ကြည့်ရှုရန်နှင့် ထိန်းချုပ်လျှော့ချနိုင်ရန် မြန်မာနိုင်ငံသူ နိုင်ငံသားများ၌ တာဝန်ရှိနေသည်။

နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များ ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်း၍ အာရှမိုးလေဝသဌာန (ASMC) က စောင့်ကြည့်တိုင်းတာလျက်ရှိပြီး ဒေသတွင်း တောင်ယာမီးရှို့ခြင်း၊ တောမီးလောင်ခြင်း ဖြစ်ပေါ်သည့်နေရာများ (Hot Spots) ကို ထုတ်ပြန်လျက်ရှိသည်။ ယခုအခါ ခြောက်သွေ့ရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ တောင်ယာမီး၊ တောမီးများ မရှို့စေရန် အသိပညာပေးခြင်း၊ အရေးယူတားဆီးခြင်း၊ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်ခြင်းအားဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ထိန်းချုပ်လျှော့ချကြရပါမည့်အကြောင်း။ ။

## (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများ အနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန သုတေသနစာတမ်းများဖိတ်ခေါ်ခြင်း

မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်း၊ နေပြည်တော်၌ ဒုတိယအကြိမ်မြောက် မွေးမြူရေး သုတေသနဆိုင်ရာစာတမ်းဖတ်ပွဲကို (၁-၄-၂၀၂၄)ရက်တွင် **"ဆန်းသစ်တီထွင် သုတေသနမှသည် အာဟာရပြည့်မီ စားရေရိက္ခာရေရှည်တည်တံ့ဖူလုံရေးဆီ"**ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ဈေးကွက်ဝင်တန်ဖိုးမြှင့် မွေးမြူရေးထုတ်ကုန်ဆိုင်ရာများ၊ ရေရှည်တည်တံ့စေမည့် မွေးမြူထုတ်လုပ်ရေးနည်းစနစ်ဆိုင်ရာများ၊ တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ၊ မွေးမြူရေးအခြေပြု လူမှုစီးပွားရေးဆိုင်ရာ နယ်ပယ်များမှ သုတေသန စာတမ်းများကို (၁-၃-၂၀၂၄) ရက်နောက်ဆုံးထား၍ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်နှိုးဆော်အပ်ပါသည်။

အသေးစိတ်ကို ဦးစီးဌာန၏ Website လိပ်စာ https://www.dlar.moali.gov.mm တွင်လည်းကောင်း၊ ဒေါက်တာဆောဘောမ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်း ၀၉ ၂၅၀၂၀၅၉၉၀၊ email sawvetdlar@gmail.com သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားစေရေး အခြေခံမော်တာစက်ချုပ်သင်တန်းကို ထပ်မံဖွင့်လှစ်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)က ကြီးမှူး၍ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားစေရေး အခြေခံမော်တာစက်ချုပ်သင်တန်းကို လာမည့်မတ်လအတွင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

MGMA က ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၃၄) ကို ၂၀၂၄ ခုနှစ် မတ် ၄ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစင်တာ (MGHRDC) တွင် ဖွင့်လှစ်သွားမည်ဟု သိရသည်။

အဆိုပါသင်တန်းကို အထည်ချုပ်စက်ရုံများနှင့် နယ်ဝေးမှ အလုပ်အကိုင် ရှာဖွေနေသူများ၊ အထည်ချုပ် စက်ရုံများတွင် လုပ်ကိုင်ရန် စိတ်ဝင်စားသူတို့အကြား ချိတ်ဆက်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်ကာ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းပြီးဆုံးပါက အထည်ချုပ်စက်ရုံများဖြင့် ချိတ်ဆက်ကာ အလုပ်ရရှိရန် ကူညီပေးသွားမည်ဟုလည်း သိရသည်။

"Member ဝင်ထားတဲ့ စက်ရုံတွေက လာခေါ်ကြတော့ သင်တန်းဆင်းတဲ့သူတွေထဲက အလုပ်လုပ်မယ့်သူတွေဆိုရင် အလုပ်သွင်းပေးပါတယ်။ အခုဆိုရင် စက်ရုံတွေမှာ အလုပ်သမားလိုအပ်ချက်တွေလည်း ရှိတာကြောင့် အလုပ်သမားတွေ လာခေါ်တဲ့အခါ အလုပ်လုပ်မယ့်သူတွေကို အလုပ်သွင်းပေးနေပါတယ်" ဟု အဆိုပါသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်း အဆင့်ဆင့်များကို လက်တွေ့ သင်ကြားမှုများဖြင့် သင်ကြား ပေးသွားမည်ဖြစ်ပြီး အလုပ်သမား ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်း ပြောကြားပေးသွားမည်ဟု သိရသည်။

တက်ရောက်လိုသူများ အနေဖြင့် - ၀၉ ၉၄၀၈၅၈၃၅၀, ၀၉ ၄၅၀၇၂၃၂၆၂, ၀၉ ၉၄၀၃၉၁၂၅၇၀, ၀၉ ၇၈၄၀၈၅၇၉၄, ၀၉ ၉၆၉၈၆၅၀၂၄ ကို ဆက်သွယ် စာရင်းပေးသွင်းတက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**MT၊ Photo- MGMA**



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**☆ စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်စတင်တည်ထောင်ချိန်မှ ယနေ့ကာလအထိ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များအပေါ် “ရွှေ့လျားနိုင်ရန် (TO MOVE)၊ တိုက်ခိုက်နိုင်ရန် (TO FIGHT)၊ နေထိုင်နိုင်ရန် (TO LIVE)” ဆိုသည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးကျေပွန်အောင် စွမ်းဆောင်ခဲ့ကြသည်ကို အသိအမှတ်ပြု**

* *ရွှေဖုံးမှ*

အငြိမ်းစားစစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အခမ်းအနား ကျင်းပမည့်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အခမ်းအနားအစီအစဉ် ပထမပိုင်းအဖြစ် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်နိုင်ဦး တို့က (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာ တပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆင်ဖြူရှင်ခန်းမအတွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် နိုင်ငံတော် သရုပ်ဆောင်၊ အဆိုတော် အကယ်ဒမီရန်အောင် ဖျော်ဖြေတင်ဆက်သည့် **“မောင်တို့ချယ်ရီမြေ”** တေးသီချင်းနှင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ သီဆိုသည့် (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြစ်သည့် **“အင်ဂျင်နီယာဒို့တပ်ဖွဲ့ဝင်များ”** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာ့တပ်မတော် စတင်ဖွဲ့စည်းခဲ့သည့် အချိန်ကတည်းက တပ်မတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အခါသမယပင်ဖြစ်ကြောင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ အနေဖြင့် တပ်မတော် စတင်တည်ထောင်ချိန်မှ ယနေ့ကာလအထိ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များအပေါ် **“ရွှေ့လျားနိုင်ရန် (TO MOVE)၊ တိုက်ခိုက်နိုင်ရန် (TO FIGHT)၊နေထိုင်နိုင်ရန် (TO LIVE)”** ဆိုသည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံး ကျေပွန်အောင် စွမ်းဆောင်ခဲ့ကြသည်ကို အသိအမှတ်ပြုကြောင်း။

စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် တပ်မတော်နှင့် နိုင်ငံတော်၏ စစ်ဦးစီးနှင့် စစ်ထောက်ဆိုင်ရာ ရည်မှန်းချက်တာဝန်များကို ပံ့ပိုးကူညီနိုင်စေရန် ဖွဲ့စည်းထားသည့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုဖြစ်ကြောင်း။

**အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်း**

စစ်အင်ဂျင်နီယာ တပ်ဖွဲ့၏ သမိုင်းကြောင်းကို လေ့လာကြည့်ပါက ၁၉၃၇ ခုနှစ်တွင် အိန္ဒိယပြည် Madras Sapper Miners တပ်မှ ခွဲထွက်ပြီး Burma Sapper Miners တပ်အဖြစ် စတင်သန္ဓေတည်ပေါ်ပေါက်လာသည်ကိုတွေ့ရှိရကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည့် မြန်မာ့တပ်မတော်တွင်လည်း စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ် ပါဝင်ပြီး တိုက်ခိုက်ရေးတာဝန်များနှင့် စစ်မြေပြင်အင်ဂျင်နီယာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကာ နိုင်ငံလွတ်လပ်ရေးအတွက် နယ်ချဲ့ကျူးကျော်သူများကို တိုက်ထုတ်ခဲ့သည်ကိုလည်း တွေ့ရကြောင်း။

**မော်ကွန်းတင်နိုင်**

၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် KNDO သောင်းကျန်းသူများက မေမြို့(ယခု ပြင်ဦးလွင်မြို့)ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြကြောင်း၊ အဆိုပါအချိန်တွင် ပြင်ဦးလွင်မြို့တွင် ရှိနေသည့် လေ့ကျင့်ရေးအင်ဂျင်နီယာ တပ်ရင်းမှအရာရှိ၊ စစ်သည်များသည် ရနိုင်သမျှသော လူအင်အား၊ လက်နက်အင်အားနှင့် ခဲယမ်းမီးကျောက်များစုစည်းပြီး ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသည့်အတွက် ပြင်ဦးလွင်မြို့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြန်လည်သိမ်းပိုက်ရရှိခဲ့ကြောင်း၊ အဆိုပါတိုက်ပွဲတွင် လေ့ကျင့်ရေးအင်ဂျင်နီယာ တပ်ရင်းမှ တပ်ကြပ်လှမောင်၏ဇနီး မချစ်ပို၏ ရဲစွမ်းသတ္တိသည် သမိုင်းတွင် *စာမျက်နှာ ၄ သို့*



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်နိုင်ဦး တို့က (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

မော်ကွန်း ရေးထိုးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မချစ်ပိုသည် စစ်သားဇနီးပီသစွာနှင့် အရေးကြုံလာချိန်တွင် အာဇာနည်သူရဲကောင်းစိတ်ဓာတ်နှင့် မိမိအသက်ကို မငဲ့ကွက်ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့သူတစ်ဦးပင်ဖြစ်ကြောင်း၊ မချစ်ပိုသည် သောင်းကျန်းသူများကို တိုက်ခိုက်ရင်း ၁၉၄၉ ခုနှစ် ဧပြီ ၈ ရက်တွင် သောင်းကျန်းသူများ၏ ဖမ်းဆီးသတ်ဖြတ်ခြင်း ခံခဲ့ရပြီး သူ့ရဲကောင်းပီသစွာဖြင့် တိုင်းပြည်အတွက် အသက်ပေးလှူ ခဲ့ရကြောင်း၊ ထိုသို့ မချစ်ပို၏သူရဲကောင်းပီသမှုနှင့် ရဲစွမ်းသတ္တိပြည့်ဝမှုများကို ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံတော်က သူရဘွဲ့ပေးအပ်ပြီး အသိအမှတ်ပြုချီးမြှင့်ခဲ့ခြင်းကြောင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ ဂုဏ်ကိုဆောင်နိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ပထမဆုံးသော သူရဘွဲ့ရ အမျိုးသမီးတစ်ဦးအဖြစ် ဂုဏ်ယူဖွယ်မော်ကွန်းတင်နိုင်ခဲ့ကြောင်း။

ထိုသို့ ထူးချွန်ပြောင်မြောက်စွာဖြင့် ရဲစွမ်းသတ္တိပြသနိုင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ကို ဂုဏ်ပြုသည့်အနေဖြင့် ပြင်ဦးလွင်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်ကို စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ထိုက်သည့် တာဝန်ထမ်းဆောင်နိုင်မှု၊ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာစောင့်သိမှု၊ တပ်ဖွဲ့၏ အစဉ်အလာကောင်း တစ်ခုအဖြစ် သာဓကတင်အောင် စွမ်းဆောင်နိုင်မှုတို့အတွက် တပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံးတို့၏ စံနမူနာပြဖြစ်စေရန် စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းသည် ယနေ့ဆိုပါက (၇၅)နှစ်ဆိုသည့် စိန်ရတုကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ခေတ်အဆက်ဆက် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏စွမ်းဆောင်မှုများကို ကြည့်မည်ဆိုပါက လွတ်လပ်ရေး ရပြီးချိန်ကစပြီး ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးစစ်ဆင်ရေးများတွင် စစ်အင်ဂျင်နီယာတပ်ဖွဲ့ အနေဖြင့် စစ်မြေပြင်အင်ဂျင်နီယာ အကူပေးတာဝန်များအပြင် ခြေလျင်တပ်များနှင့်အတူ ရဲဝံ့စွန့်စားစွာ ပါဝင်တိုက်ပွဲဝင်ခဲ့ကြကြောင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်တည်ဆောက်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သကဲ့သို့ နယ်စပ်ဒေသများတွင်လည်း လမ်းဖောက်ခြင်း၊ တံတားများတည်ဆောက်ခြင်းနှင့် တပ်မတော်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း စသည့် အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများကို ထမ်းဆောင်ခဲ့ကြကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ စစ်အင်ဂျင်နီယာတပ်ဖွဲ့ ညွှန်ကြားရေးမှူးက (၇၅) နှစ်မြောက်စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**မိုင်းရှင်းလင်းရေး**

စစ်အင်ဂျင်နီယာတပ်ဖွဲ့ အနေဖြင့် စစ်ကျန် မြေမြှုပ်မိုင်းများ ရှင်းလင်းရေး လုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေး (Hum–anitarian Demining)လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးမိုင်းရှင်းလင်းရေးအဖွဲ့(EOD Squad) များကို စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းများတွင် ဖွဲ့စည်းထားရှိပြီး မြို့တွင်း မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် စစ်ကျန်မကွဲဗုံးသီးများ ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်မဆိုင်းဘဲ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာများ၊ အတတ်ပညာများ၊ စက်၊ ယာဉ်၊ ယန္တရားများနှင့် အင်တိုက်အားတိုက် ပါဝင်ကူညီစေလျက်ရှိကြောင်း။

**သမိုင်းဝင်မှတ်တမ်းများ**


၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီးစီးခဲ့ပြီး ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆစ် ရုပ်ပွားတော်ကြီးတစ်ဆူဖြစ်လာခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် စစ်အင်ဂျင်နီယာတပ်ဖွဲ့က သယ်ယူပင့်ဆောင်ရေးအပိုင်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်နှင့် အုပ်ချုပ်မှုအဆောက်အအုံ စသည်များကို တာဝန်ယူပြီး ကုသိုလ်ပြု ပါဝင်တည်ဆောက်ခွင့် ရရှိခဲ့ခြင်းသည်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ သမိုင်းဝင်မှတ်တမ်းများပင်ဖြစ်ကြောင်း။

ထိုသို့စွမ်းစွမ်းတမံဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဘွဲ့ထူးဂုဏ်ထူးဆောင် တံဆိပ်ရရှိသူများစွာရှိကြောင်း၊ တပ်ဖွဲ့နေ့အဖြစ် စတင်သတ်မှတ်ခဲ့သည့်နေ့မှ ယနေ့စိန်ရတုကာလအထိ သူရမချစ်ပိုအပါအဝင် **"သူရဘွဲ့"** ချီးမြှင့်ခံရသူ ငါးဦး၊ **"သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်"** ချီးမြှင့်ခံရသူ ၁၃၆ ဦး၊ **"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်"** ချီးမြှင့်ခံရသူ ၅၇ ဦး၊ **"တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်"** ချီးမြှင့်ခံရသူ ၁၀၃ ဦးနှင့် **"တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်"** ချီးမြှင့်ခံရသူ ၂၄ ဦးအထိ ရှိခဲ့ကြောင်း၊ ထို့ပြင် အင်ဂျင်နီယာပိုင်းဆိုင်ရာ တာဝန်များမှာ ထူးချွန်စွာစီမံဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် **"ဂုဏ်ထူးဆောင်ဘွဲ့"** ဖြစ်သည့် စည်သူဘွဲ့နှင့် ဇေယျကျော်ထင်ဘွဲ့ ချီးမြှင့်ခံရသူ တစ်ဦး၊ သီရိပျံချီဘွဲ့ ချီးမြှင့်ခံရသူ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ ချီးမြှင့်ခံရသူ ရှစ်ဦး၊ သိပ္ပကျော်စွာ ဘွဲ့ချီးမြှင့်ခံရသူ တစ်ဦး စုစုပေါင်း ၁၁ ဦး နှင့် **"စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်"** ဖြစ်သည့် စီမံထူးချွန်တံဆိပ် (ပထမ) ဆင့် ရှစ်ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယ)ဆင့် ၁၆ ဦး၊ စီမံထူးချွန်တံဆိပ်(တတိယ)ဆင့် ၂၃ ဦး၊ လူမှုထူးချွန်တံဆိပ်(ဒုတိယ) ဆင့် တစ်ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယ)ဆင့် တစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယ) ဆင့် လေးဦး၊ နည်းပညာထူးချွန်တံဆိပ် (ဒုတိယ) ဆင့် သုံးဦး၊ နည်းပညာထူးချွန်တံဆိပ် (တတိယ) ဆင့် ခုနစ်ဦး စုစုပေါင်း ၆၃ ဦးအထိ ထိုက်တန်စွာ ရရှိခဲ့ကြခြင်းကြောင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်လာကြသည့် အငြိမ်းစားစစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

- ☆ **မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက တပ်မတော်၏လက်ရုံးဝန်ထမ်း တပ်ဖွဲ့တစ်ခုအဖြစ် ပါဝင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် ယနေ့ဆိုပါက နိုင်ငံတကာအဆင့်မီသည့် စစ်လက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုအဖြစ် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်**
- ☆ **စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါအစဉ်အလာကောင်းများကို လက်ဆင့်ကမ်းတာဝန်ယူ ထိန်းသိမ်းသွားကြပြီး အနာဂတ်မျိုးဆက်သစ် စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေအဖြစ် လက်ဆင့်ကမ်းပေးအပ်သွားကြရမည်**

**နိုင်ငံတကာအဆင့်မီ**

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလကတည်းက တပ်မတော်၏ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ်ပါဝင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် ယနေ့ဆိုပါက နိုင်ငံတကာအဆင့်မီသည့် စစ်လက်ရုံးဝန်ထမ်း တပ်ဖွဲ့တစ်ခုအဖြစ် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် စစ်အင်ဂျင်နီယာ တပ်ဖွဲ့အတွင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များသည် နိုင်ငံတော်နှင့်တပ်မတော်က ပေးအပ်လာသည့် တာဝန်များအပေါ် ဦးလည်မသုန် ထမ်းရွက်နိုင်ခဲ့ကြသည်ကိုလည်း (၇၅)နှစ်တာခရီးတွင် အကြိမ်ကြိမ်သက်သေပြခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါအစဉ်အလာကောင်းများကို လက်ဆင့်ကမ်းတာဝန်ယူ ထိန်းသိမ်းသွားကြပြီး အနာဂတ်မျိုးဆက်သစ်စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေအဖြစ် လက်ဆင့်ကမ်းပေးအပ်သွားကြရမည်ဖြစ်ကြောင်း၊ စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များအနေဖြင့် ချမှတ်ထားသည့်ကြွေးကြော်သံများ၊ ဆောင်ပုဒ်များအတိုင်း ကျရာတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်သွားကြရန် လိုကြောင်း။

စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များသည်ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အင်ဂျင်နီယာဆိုင်ရာနည်းပညာများကို ကြိုးစားလေ့လာပြီး စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုဖြစ်အောင် ကြိုးစားတည်ဆောက် ကြရန် မှာကြားရင်း (၇၅) နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့မှသည် နောင်လာမည့်ရတုများစွာတိုင်အောင် **"အင်ဂျင်နီယာ စွမ်းရည်ထက် အောင်နိုင်တိုက်ပွဲဆက်"** ဆိုသည့်အတိုင်း နိုင်ငံတော်နှင့်တပ်မတော်က အားကိုးအားထားပြုရသည့် လက်ရုံးဝန်ထမ်း တပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက် ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် စစ်အင်ဂျင်နီယာ တပ်ဖွဲ့ညွှန်ကြားရေးမှူးက တပ်ဖွဲ့သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်မှတ်တမ်း Documentary Video ကို ပြသသည်။ ဆက်လက်၍ (၇၅) နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာ တပ်ဖွဲ့နေ့ဂုဏ်ပြုသီချင်းဖြစ်သည့် **"သမိုင်းတွင်သော စစ်အင်ဂျင်နီယာ"** တေးသီချင်းကို စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ စစ်အင်ဂျင်နီယာတပ်ဖွဲ့ညွှန်ကြားရေးမှူးက (၇၅) နှစ်မြောက်စိန်ရတု စစ်အင်ဂျင်နီယာ တပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တက်ရောက်လာကြသည့် အငြိမ်းစားစစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာ တပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့်ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ထောပတ်ပင်မျိုးများပေးအပ်



**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၄**

ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း (ထုံးဘို)မှ လေ့လာရေးလာရောက်သော သင်တန်းသား သင်တန်းသူများအား ဒေသအသီးသီးတွင် စမ်းသပ်စိုက်ပျိုးနိုင်ရန်အတွက် ထောပတ်ပျိုးပင်များ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဦးစီးမှူးရုံး စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။

ထို့နောက် Maymyo Avocado Company မှ စီမံကိန်းဒါရိုက်တာ ဦးအောင်ကိုထွန်းက မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က လေ့လာရေးလာရောက်သော သင်တန်းသား သင်တန်းသူများအား ဒေသအသီးသီးတွင် စမ်းသပ်စိုက်ပျိုးနိုင်ရန် ထောပတ်ပျိုးပင်များကို လက်ဝယ်အရောက်ပေးအပ်သည်။

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်းမောင်၊ မြို့နယ်ဦးစီးမှူး ဦးအောင်စိုးဦး၊ Maymyo Avocado Company စီမံကိန်းဒါရိုက်တာဦးအောင်ကိုထွန်း၊ Maymyo Avocado Company နည်းပညာဒါရိုက်တာ ဦးမျိုးညွန့်နှင့် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းမှ ဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ကြသည်။

**ဖြူလူသစ် (ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘီလိယက်နှင့်စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘီလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄** ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘီလိယက်နှင့် စနူကာပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘီလိယက်နှင့်စနူကာအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ ခွန်စံလွင်၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘီလိယက်နှင့်စနူကာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီး ဘီလိယက်နှင့် စနူကာပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြသည့် အားကစားမောင်/မယ်များသည် မိမိတို့ကိုယ်စားပြု ယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်း အနိုင်ရရှိရေးအတွက် မိမိတို့၏ အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး ကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ အားကစားသမား အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားရန် လိုအပ်ကြောင်း၊ ထို့ပြင် အားကစားသမား ကောင်းများ ပီသစွာ သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများကို လေးစားလိုက်နာကြစေလိုကြောင်း၊ ယခု ပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားရင်း ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘီလိယက်နှင့် စနူကာပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး(ဝဲပုံ) ပြိုင်ပွဲ ပွဲစဉ်ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘီလိယက်နှင့် စနူကာပြိုင်ပွဲကို အလားအလာကောင်းမွန်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိစေရေးနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားများအား အထောက်အကူပြုနိုင်မည့် ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ရာ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို (အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမင်းမင်း (၁၅)ကြိမ်မြောက် ဗီယက်နမ်နိုင်ငံတကာ ပရိဘောဂနှင့်အိမ်အသုံးအဆောင်ပစ္စည်းများပြပွဲ အခမ်းအနားသို့ တက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ SKY EXPO ဗီယက်နမ် နိုင်ငံတကာပြပွဲ ဗဟိုဌာန၌ ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်မည့် (၁၅) ကြိမ်မြောက် ဗီယက်နမ် နိုင်ငံတကာ ပရိဘောဂနှင့်အိမ်အသုံးအဆောင်ပစ္စည်းများ ပြပွဲ အခမ်းအနားသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံသို့ထွက်ခွာကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါပြပွဲသည် နိုင်ငံတကာမှ ပရိဘောဂပစ္စည်းများနှင့်အိမ်အလှဆင်ပစ္စည်းများ ထုတ်လုပ်သူ၊ ရောင်းချသူ၊ ဝယ်ယူသူအစရှိသည့် စီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များ အကြား တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီး စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အခွင့်အလမ်းကောင်းများ ရရှိကာ မြန်မာ့ပရိဘောဂ ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာ ဈေးကွက်သို့ ပိုမိုချဲ့ထွင်တင်ပို့နိုင်ပြီး ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်နိုင်မည်ဖြစ်သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ အနေဖြင့် ကုန်စည်ပြပွဲသို့ တက်ရောက်ပြီး ဗီယက်နမ်နိုင်ငံရှိ အုန်းသီး



စိုက်ပျိုးထုတ်လုပ်တင်ပို့မှု အခြေအနေများကို လေ့လာကာ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆိုင်ရာကိစ္စများကို ဆွေးနွေးသွားမည် ဖြစ်သည်။

ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌနှင့် အသင်းဝင် လုပ်ငန်းရှင်များ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာပြည်သူလူထုကို စိုးရိမ်ထိတ်လန့်စေရန်လုပ်ဆောင်နေသည့် ပြည်ဖျက်မီဒီယာများအကြောင်းနှင့် ၎င်းတို့၏ လက်တလောလုပ်နည်းလုပ်ဟန်များအကြောင်းအား မိဘပြည်သူများ ပိုမိုသိရှိသတိပြုနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်



အားလုံးမင်္ဂလာပါဗျာ။ ဒီနေ့မှာတော့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ မြန်မာပြည်သူလူထုကို စိုးရိမ်ထိတ်လန့်အောင်လုပ်နေတဲ့ ပြည်ဖျက်မီဒီယာတွေရဲ့အကြောင်းနဲ့ လက်တလောလုပ်နည်းလုပ်ဟန်များအကြောင်းကို ကျွန်တော်တို့မိဘပြည်သူများ ပိုမိုသိရှိသတိပြုနိုင်ဖို့ တင်ပြလိုပါတယ်။ ပထမဦးစွာဖြစ်ပေါ်နေတဲ့ တိုက်ပွဲများအကြောင်း၊ တိုက်ပွဲများအကြောင်းနဲ့ပတ်သက်ပြီးတော့ ရေးသားနေတာတွေရှိပါလိမ့်မယ်။ ပြည်ဖျက်မီဒီယာတွေကလည်း အမျိုးမျိုးပညာရှင်အမည်ခံသုံးသပ်နေတဲ့သူတွေလည်း တွေ့ရပါလိမ့်မယ်။ ဒီနေရာမှာတပ်မတော်အနေနဲ့ လက်တလောဘယ်လောက်ကျသွားပြီတို့၊ ဘယ်လောက်သေသွားပြီတို့ ဒါမျိုးတွေ ဦးစားပေးထုတ်လွှင့်နေတာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုကို တစ်ဖက်လှည့်နဲ့ ခြိမ်းခြောက်တဲ့အနေနဲ့ ဘယ်နေရာကိုတော့ သိမ်းလိုက်ပြီ၊ ဘယ်နေရာကိုတော့ ဆက်ပြီးလုပ်မယ်ဆိုတဲ့ဟာမျိုးတွေ ဆောင်ရွက်နေတာရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခါပြောကြားခဲ့ဖူးပါတယ်။ ဘယ်သူတွေပဲ သေသေ၊ ဘယ်သူတွေပဲ ဒဏ်ရာရရ၊ ပြည်ပမှာနေတဲ့သူတွေ၊ ပြည်ပနိုင်ငံတွေက နိုင်ငံသားတွေဒဏ်ရာရတာ မဟုတ်ဘူး၊ သေကျေပျက်စီးတာ မဟုတ်ပါဘူး။ ဂုဏ်ယူစရာ မရှိပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေပဲ သေကျေပျက်စီး ဒဏ်ရာရတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်မေးခွန်းထုတ်လိုတာက ပြည်ဖျက် NUG၊ CRPH အဖွဲ့တွေရဲ့မြှောက်ပင့်ပေးမှုကြောင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ထဲကို ရောက်သွားတဲ့ ကျွန်တော်တို့ရဲ့လူငယ်၊ လူရွယ်တွေ ဘယ်လောက်အထိသေခဲ့ကြပြီလဲ။ ဘယ်လောက်အထိ ဘဝပျက်ခဲ့ကြပြီလဲ။ NUG၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ မြှောက်ပင့်ပေးမှုကြောင့် လက်နက်ကိုင်ပြီး ဒီမိုကရေစီနည်းလမ်းမကျစွာ သောင်းကျန်းသူလုပ်နေတဲ့ လူငယ်၊ လူရွယ်တွေ၊ ဝင်သွားတဲ့ လူငယ်၊ လူရွယ်တွေထဲက ဘယ်လူငယ်လူရွယ်တွေနဲ့ မိဘပြည်သူများ အဆက်အသွယ်ရရှိပါသလဲ။ သူတို့ဘယ်လောက်အထိ စိတ်ချမ်းသာစွာနေရတယ်။ ဘယ်လောက်အထိ လုံခြုံစိတ်ချစွာနေရတယ်ဆိုတဲ့အဖြေမျိုးကို ဘယ်သူက တိတိကျကျများ ထုတ်ပေးနိုင်ပါသလဲ။ ဒါကို ပထမဦးဆုံး သတိချပ်ရမှာဖြစ်ပါတယ်။ သူတို့အနေနဲ့ အကြောက်ဆုံးကတော့ မြန်မာတွေစုစည်းညီညွတ်သွားမှာ၊ သူတို့ရဲ့ အခြေအနေတွေကို အဖြစ်မှန်အတိုင်း ပြည်သူသိသွားမှာကို စိုးရိမ်ဆုံးပါပဲ။ ဒါကြောင့် ကောလာဟလအမျိုးမျိုးထုတ်လွှင့်ပြီးတော့ လိမ်လည်နေတာဖြစ်ပါတယ်။ လက်တွေ့ ဟုတ် မဟုတ် ဆန်းစစ်ကြည့်လိုက်ပါ။ မြှောက်ပင့်ပေးလို့ တောထဲရောက်သွားတဲ့ လူငယ်တွေနဲ့ မိဘပြည်သူတွေဘယ်လောက်များ အဆက်အသွယ်ရပြီးပါပြီလဲ။ ဘယ်သူတွေက လုံခြုံ စိတ်ချ၊ ကျန်းမာကောင်းမွန်စွာနေရပါတယ်လို့ အာမခံချက်ပေးနိုင်တာရှိပါပြီလဲ။

နောက်တစ်ခုကတော့ ဒီပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်ပြီးအာဏာတည်ဖို့ ပြဋ္ဌာန်းလိုက်တဲ့အချိန်မှာ ဒီပြည်ဖျက်မီဒီယာတွေ၊ အကြမ်းဖက်အဖွဲ့တွေအနေနဲ့အားလုံး လူငယ်တိုင်းပဲ၊ အခုလောလောဆယ်ပဲ၊ အခုချက်ချင်းပဲ တပ်ထဲဝင်ရမလို၊ ချက်ချင်းပဲ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရမလို ဒါတွေနဲ့ခြောက်လှန့်ခဲ့တာရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၊ သက်ဆိုင်ရာအဖွဲ့တွေအနေနဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့တွေ ဖွဲ့စည်းတယ်။ ပြန်ကြားပေးဖို့အတွက် ဖုန်းနံပါတ်တွေပေးပြီး ပြည်သူလူထုနဲ့တိုက်ရိုက်ထိတွေ့ ဖြေရှင်းတဲ့အခါမှာ ဒါတွေသည် မဟုတ်ဘူး။ အလှည့်ကျဆောင်ရွက်ရမယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဘာ့ကြောင့်တာဝန်ယူခိုင်းတာဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဘာ့ကြောင့်ဆောင်ရွက်ခိုင်းတာဖြစ်တယ်ဆိုတဲ့အဖြေမျိုး ပြည်သူလူထုဆီကိုရောက်သွားတဲ့အခါမှာ အခုအချိန်မှာ တစ်မျိုးပြောင်းပြီးတော့ ပြည်သူလူထုကို စိုးရိမ်ထိတ်လန့်မှုဖြစ်အောင် လုပ်နေပါတယ်။ ဒီဟာတွေကတော့ လူငယ်တွေ ဘယ်နေရာမှာ ပျောက်သွားတယ်တို့၊ ဘယ်နေရာမှာ ဖမ်းဆီးခံရတယ်တို့၊ ဘယ်နေရာမှာ အတင်းအဓမ္မ စစ်သားစုဆောင်းနေပြီတို့၊ ဘယ်နေရာမှာ ပေါ်တာဆွဲနေပြီဆိုတဲ့ ကောလာဟလ ထုတ်လွှင့်ချက်များ ဆက်တိုက်ဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ အခြေအမြစ်မရှိတဲ့ဟာတွေပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှင်းရှင်းလင်းလင်းပြောကြားချင်တာက ဘယ်နေရာမှာ နာမည်ဘယ်သူ၊ ဘယ်အဖွဲ့အစည်းက လုပ်ခဲ့တယ်။ ဘယ်နေရမှာ နာမည်ဘယ်သူနဲ့ လူငယ်တွေ ပျောက်ဆုံးနေတယ်။ ဘယ်နေရာမှာ နာမည်ဘယ်သူနဲ့လူငယ်အဖွဲ့တွေကို ပေါ်တာဆွဲသွားတယ်ဆိုတာ သိရရင်၊ သတင်းတိကျတယ်ဆိုရင် ကျွန်တော်တို့ပေးထားတဲ့ ဖုန်းနံပါတ်များ ရှိပါတယ်။ အချိန်မရွေး ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း ပြည်သူလူထုရဲ့လူမှုစီးပွားဘဝ လုံခြုံရေး၊ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားများ တောင့်တင်းစေရေးအတွက် ဆောင်ရွက်နေတာပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အချိန်မှာ ဒီခြိမ်းခြောက်မှုတွေ၊ ဒီစိုးရိမ်ထိတ်လန့်အောင် ဆောင်ရွက်မှုတွေ၊ ကောလာဟလထုတ်လွှင့်မှုတွေကတော့ ဒီပြည်ဖျက်မီဒီယာတွေ၊ NUG၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ ဆက်လက်ဆောင်ရွက်နေဦးမှာ ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်ယခင်က ပြောခဲ့သလို သူတို့အကြောက်ဆုံးက မြန်မာတွေစုစည်းသွားမှာ သိပ်ကြောက်တယ်။ အဖြစ်မှန်ကို ပြည်သူတွေသိသွားမှာ သိပ်ကြောက်တယ်။ ဒါကြောင့်မို့ ကောလာဟလ လှိုင်းလုံးတစ်လုံးပြီး တစ်လုံးနဲ့ ဆောင်ရွက်နေမှာ ဖြစ်ပါတယ်။ ကောလာဟလအနေနဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ မေးမြန်းစုံစမ်းနိုင်ပါတယ်။ အချိန်မရွေး တိုင်ကြားနိုင်ပါတယ်။ ကျွန်တော်ထပ် အာမခံတာက အချိန်မရွေး တိုင်ကြားနိုင်တယ်။ ပြောနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ မိဘပြည်သူများအနေနဲ့ ဒီသတင်းခေတ်မှာ ကောလာဟလလှိုင်းလုံးတွေ စိုးရိမ်ထိတ်လန့်အောင်လုပ်ကြံ ဖန်တီးဆောင်ရွက်နေတဲ့ မီဒီယာများရဲ့ဆောင်ရွက်ချက်များ၊ NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ အချို့သော EAOs များရဲ့ ခြောက်လန့်မှုများအပေါ်မှာ အားလုံးသည် မိမိရဲ့အသိဉာဏ်၊ မိမိရဲ့ သတင်းအပေါ်မှာ ချင့်ချိန်နိုင်တဲ့ ဉာဏ်တွေနဲ့ ဆောင်ရွက်ပြီးတော့ အားလုံးစည်းလုံးညီညွတ်ကြပါစို့လို့ ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

> **“မိဘပြည်သူများအနေနဲ့ ဒီသတင်းခေတ်မှာ ကောလာဟလလှိုင်းလုံးတွေ စိုးရိမ်ထိတ်လန့်အောင်လုပ်ကြံ ဖန်တီးဆောင်ရွက်နေတဲ့ မီဒီယာများရဲ့ဆောင်ရွက်ချက်များ၊ NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ အချို့သော EAOs များရဲ့ ခြောက်လန့်မှုများအပေါ်မှာ အားလုံးသည် မိမိရဲ့ အသိဉာဏ်၊ မိမိရဲ့ သတင်းအပေါ်မှာ ချင့်ချိန်နိုင်တဲ့ ဉာဏ်တွေနဲ့ ဆောင်ရွက်ပြီးတော့ အားလုံးစည်းလုံးညီညွတ်ကြပါ”**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Win Naing Kyaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာနေ ဝင်းနိုင်ကျော်အား ည ၉ နာရီတွင် ထောက်ကြံ့နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Juky Htut” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၂)ရပ်ကွက်နေ ခင်ဖြူဖြူသန့်အား နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် အေးသာယာ နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သီလဝါအထူးစီးပွားရေးဇုန် One Stop Service Center တွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်သို့ ရောက်ရှိပြီး One Stop Service Center ရှိ ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။(ယာပုံ)



ပြည်ထောင်စုဝန်ကြီးသည် One Stop Service Center ရှိဝန်ထမ်းများနှင့်တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန်၏ နောက်ခံအခြေအနေများ၊ အထူးစီးပွားရေးဇုန်အနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါမှုအခြေအနေများ၊ လတ်တလောဖြစ်ပေါ်လျက်ရှိသော အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် ခွင့်ပြုမိန့်ရရှိပြီး လုပ်ငန်းများအနေဖြင့် ဌာနဆိုင်ရာ အသီးသီးနှင့် ဆက်စပ်လုပ်ကိုင်ရမည့်ကိစ္စများတွင် ဌာနအလိုက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးခြင်းဖြင့် အထူးစီးပွားရေးဇုန်၏ ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းထားရှိရေး၊ ဇုန်အတွင်းရှိ လုပ်ငန်းများနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရေး၊ စီမံခန့်ခွဲမှု ကော်မတီက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သီလဝါအထူးစီးပွားရေးဇုန်ရှိ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ဆောင်ရွက်ပေးနေသည့် အခြေအနေများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သတ်မှတ်ပြဋ္ဌာန်းထားရှိသော ဥပဒေနှင့်အညီ တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ အရာထမ်း၊ အမှုထမ်း အိမ်ရာများသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝန်ထမ်းအိမ်ရာများတွင် ရေ၊ မီး ရရှိမှုအခြေအနေ၊ LED မီးတပ်ဆင်ထားရှိမှုအခြေအနေ၊ အဆောက်အဦ ကြံ့ခိုင်မှု အခြေအနေများနှင့် အိမ်ထောင်စု စာရင်းအတိုင်း နေထိုင်မှု ရှိ-မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အိမ်ရာများတွင် နေထိုင်ကြသော အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့ တိုက် ပတ်ဝန်းကျင်သန့်ရှင်းရေးကို နေ့စဉ်/ အပတ်စဉ်အလိုက် ပူးပေါင်းဆောင်ရွက်ရန်၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် စုပေါင်းဆောင်ရွက်ကြရန်၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်၊ ဝန်ထမ်းအိမ်ရာ စည်းကမ်းများနှင့်အညီ နေထိုင်ကြရန်နှင့် လျှပ်စစ်မီးလုံခြုံရေးနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေတွင် မည်သို့ပြုမူဆောင်ရွက်ရမည်တို့ကို မှာကြားပြီး တိုက်ခန်းနေ မိသားစုများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဝန်ထမ်းများ တွေ့ဆုံပွဲ (၁/၂၀၂၄) သို့ တက်ရောက်ပြီး ဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သည့် သတ်မှတ်ပြဋ္ဌာန်းထားရှိသော ဥပဒေနှင့်အညီ တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ တိုင်းရင်းသား ရေးရာများကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းနှင့်စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝမြင့်မား တိုးတက်စေရေး ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ဌာနအကျိုး၊ နိုင်ငံ့အကျိုးကို ရှေးရှုပြီး ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းကောင်းများပီပီ စနစ်တကျ လိုက်နာကျင့်သုံး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။(အပေါ်ပုံ)

ယင်းနောက် ဒုတိယဝန်ကြီးက ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားကြောင့် ဖြစ်ပေါ်နေသော ကမ္ဘာ့နိုင်ငံရေး အခြေအနေများနှင့် စီးပွားရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာနနှင့် တိုင်းရင်းသား အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက မိမိတို့၏ အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြကြရာအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ ဝန်ထမ်း သုံးဦးကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဆုများချီးမြှင့်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၂၄**

၂၀၂၄ ခုနှစ် ၁၃၈၅ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်(သောကြာနေ့) ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပသည်။



ထမနဲထိုးပြိုင်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး(အောက်ပုံ) ထမနဲထိုးပြိုင်ပွဲကို ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ထမနဲထိုးပြိုင်ပွဲကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ မကျင်းပမီ ဒေသခံတေးဂီတ တီးဝိုင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က နှစ်သိမ့်ဆုရရှိသော အသင်း ၁၇ အား တစ်သင်းလျှင် ငွေကျပ်တစ်သိန်းစီနှင့် ဆုတံဆိပ်တို့ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုဆုနှင့် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း ချီးမြှင့်ပေးပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ထမနဲများ ပေးဝေကြသည်။

အဆိုပါရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်း ထမနဲထိုးပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ်ရပ်ကွက် ၂၂ ရပ်ကွက် အေးသာယာ၊ ရွှေညောင်မြို့နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ၇၇သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(ပြန်/ဆက်)**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း)၊ ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟုမ္မလင်းမြို့တွင် ၀ ဒသမ ၄၃ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၁၆ လက်မ၊ ရွှေကူမြို့နှင့် တမူးမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီနှင့် မိုးညှင်းမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင် ဆောက်လုပ်ရန် ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်ခန်းမဆောင် ဆောက်လုပ်ရန် ပန္နက်တော်တင်တွင်းတော်ဝန်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် စာသင်ဆောင်ဝင်းအတွင်းရှိ မြေမြတ်နေရာမွန်၌ ကျင်းပသည်။



ဦးစွာ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရည်၊ ပရိတ်ချည်၊ ပရိတ်သဲများနှင့် ပန္နက်တော်တင်တွင်းတော်ဝန်းပစ္စည်းများအား သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကာ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယအဓိပတိ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက ရေစက်သွန်းချ အမျှပေးဝေချီးမြှင့်တော်မူသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း(ဝဲပုံ)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ အစီအစဉ်အတိုင်း ပန္နက်တော်များတင်ကြပြီး ပန္နက်တော်များအား ရွှေရည်၊ ငွေရည်၊ နဝရတ်ရတနာရည်နှင့် အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပြီး ကြွရောက်တော် မူလာကြသော ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ချောင်းဆုံမြို့နယ် ကဒါကျေးရွာ ဘုရားပွဲတော် စည်ကားစွာ ကျင်းပ

**ချောင်းဆုံ ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် နှစ်ပေါင်း ၁၀၀ ကျော်ခန့် ကတည်းက ကျင်းပခဲ့သည့် ဧည့်သည်ခေါ် ဘုရားပွဲတော်များကို နှစ်စဉ်နှစ်တိုင်း ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဖေဖော်ဝါရီ ၂၄ ရက်က ကဒါကျေးရွာ ဘုရားပွဲတော်ကို စတင်ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ ကြည့်ရှုအားပေးကြသည်။

ချောင်းဆုံမြို့နယ်အတွင်း ရိုးရာအစဉ်အလာကို ထိန်းသိမ်းကာ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဧည့်သည်ခေါ် ဘုရားပွဲတော်များတွင် ပထမဦးဆုံးဘုရားပွဲတော်ဖြစ်သည့် ကဒါကျေးရွာ ဘုရားပွဲတော်သို့ အနယ်နယ် အရပ်ရပ်မှ အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်ကြသူများ၊ ကဒါကျေးရွာရှိ နေအိမ်များမှ ဧည့်ခံကျွေးမွေးနေမှုများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မြင်းခြံမြို့၌ (၂၂)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းသပိတ်လုံးလောင်းလှူပွဲကျင်းပ

**မြင်းခြံ ဖေဖော်ဝါရီ ၂၄**

မြင်းခြံမြို့ အမှတ် (၁၁) ရပ်ကွက် မင်းကျောင်းတိုက် ဆန္ဒတော်ပြည့်စေတီတော်ရင်ပြင်၌ ယနေ့နံနက် ၈နာရီက (၂၂) ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းသပိတ်လုံးလောင်းလှူပွဲ ကျင်းပသည်။

အဆိုပါ ဆွမ်းသပိတ်လောင်းလှူပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် မိခင်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ စုပေါင်း၍ ပင့်သံဃာအပါး ၁၅၀၀ အား ဆွမ်းသပိတ်လုံးလောင်းလှူခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၏အရည်အသွေး ပိုမိုကောင်းမွန်ရန် ဆက်လက်ကြိုးပမ်းရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် သုတေသီများနှင့် တောင်သူလယ်သမားများ ပါဝင်သော တောင်သူနည်းပညာ ဆွေးနွေးပွဲများ (Farmers' Technical Forum) ကို အပတ်စဉ်စနေနေ့တိုင်း ကျင်းပလျက်ရှိရာ (၂၆)ကြိမ်မြောက် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရေဆင်းစိုက်ပျိုးရေးသုတေသဦးစီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။



(၂၆) ကြိမ်မြောက် ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မွေးမြူရေးလုပ်ငန်းများအနက် ဆိတ်မွေးမြူရေးလုပ်ငန်းသည် ကျေးလက်နေပြည်သူများအတွက် အရင်းအနှီးအနည်းဆုံးနှင့် မိသားစုဝင်ငွေရရှိစေသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဆိတ်၏ သဘာဝအရ အကြမ်းခံနိုင်ပြီး အစာမရွေး စားသောက်တတ်သဖြင့် စားကျက်ဒေသမရွေးကောင်းစွာ မွေးမြူနိုင်ကြောင်း၊ မျိုးအောင်မြင်မှုနှုန်းကောင်းမွန်၍ ကောင်ရေတိုးပွားနှုန်းလည်း အလွန်မြင့်မားသဖြင့် ကျေးလက်နေပြည်သူများအတွက် အာမခံချက်ရှိသည့် ဝင်ငွေရလုပ်ငန်း ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စာရင်းဇယားများအရ သိုး၊ ဆိတ်ကောင်ရေ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် သိုး၊ ဆိတ်များတွင်ဖြစ်တတ်သည့် ကူးစက်ရောဂါများ၊ ကပ်ပါးရောဂါများကို စနစ်တကျကာကွယ်ပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း တစ်ခုအဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ကြရေးအတွက် ပညာရှင်များနှင့် တောင်သူများ အကောင်းဆုံး နှီးနှောဖလှယ် ဆွေးနွေးကြပြီး မွေးမြူရေး တောင်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေး၊ အသားထုတ်လုပ်မှုကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်နိုင်ရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး ကြိုးပမ်းရာတွင် တောင်သူနှင့် ပညာရှင်အကြား ကွက်လပ်မရှိ ထိတွေ့ရန် လိုအပ်ချက်များ၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ၏ အရည်အသွေး ပိုမိုကောင်းမွန်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေးပွဲသို့ ဇေယျာသီရိ မြို့နယ်မှ တောင်သူများ ၇၀ ခန့် တက်ရောက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်သက်စိုးက သိုး၊ ဆိတ် မွေးမြူရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွေးမြူရေးသုတေသနဦးစီးဌာနမှဒေါက်တာဆောဘောမ်က သိုး၊ ဆိတ် မွေးမြူရေးနှင့် ကပ်ပါးရောဂါအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး တောင်သူများ၏ မေးမြန်းတင်ပြချက်နှင့် လိုအပ်ချက်များကို ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြေကြားဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လက်တွေ့စိုက်ကွင်းတွင် ဆောင်ရွက်ထားရှိသည့် ဆင်းရွှေကြာ -၂ နေကြာမျိုးကို ဖီနိုတစ်ပစ် ရီကားရင့်မက်စ်ဆလက်ရှင် (Phenotypic Recurrent Mass Selection) နည်းဖြင့် မျိုးမြှင့်တင်ခြင်းဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှုပြီး နေကြာပန်းခိုင် အရွယ်အစား၊ ပန်းခိုင် တစ်ခုတွင် ပါဝင်သည့် အောင်မြင်သောအစေ့ အရေအတွက်၊ ပင်စည်၏ တောင့်တင်းခိုင်မာမှု အစရှိသည့် ရုပ်သွင်ပြင်လက္ခဏာများကို အခြေခံ၍ မျိုးရွေးချယ်ခြင်း နည်းလမ်းများနှင့်ပတ်သက်၍ ဘွဲ့ကြို ဘွဲ့လွန်သင်တန်းသားများကို ရှင်းလင်းပြောကြားသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ပညာသင်ယူလျက်ရှိကြသော ဘွဲ့ကြို ဘွဲ့လွန် သင်တန်းသားများအနေဖြင့် သဘာဝအတိုင်း ပင်ခြား ဝတ်မှုန်ကူးသည့် နေကြာသီးနှံကို မျိုးရွေးချယ်ခြင်းနှင့် မျိုးမြှင့်တင်ခြင်း ဆောင်ရွက်မှုများကို လက်တွေ့သင်ယူလေ့လာနိုင်ကြစေရန် ရည်ရွယ်၍ ဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# အဖိုးနည်းဝန်ပါ သင်ကျန်းမာဖို့ ပိုက်ကျော်ခြင်းကစားစို့ . . .

**●—— အားကစားဝါသနာရှင်တစ်ဦး ——●**

၁၉၈၀ ကျော် ၉၀ ဝန်းကျင်ကာလတွင် ပိုက်ကျော်ခြင်း အားကစားနည်းသည် မြန်မာလူငယ်တို့ကြား၌ အထူးရေပန်းစားလာသည်။ ရပ်ကွက်၊ ကျေးရွာ မြေကွက်လပ်တိုင်းနီးပါးတွင် ပိုက်ကျော်ခြင်းကွင်းလေးများ ဖြစ်ထွန်းပေါ်ပေါက်လာသည်။ ညနေစောင်းပြီဆိုလျှင်ဖြင့် ပိုက်ကျော်ခြင်းကွင်းများတွင် လူငယ်များစုဝေးလာကြသည်။

သုံးယောက်တစ်တွဲ၊ တစ်အုပ်စုဖြင့် အသင်းတွေက များလွန်းလှ၍ ရှုံးထွက်စနစ်ဖြင့် တစ်သင်းဝင် တစ်သင်းထွက်ကစားကြရသည်။ ကစားဖော်အချင်းချင်းနောက်ကြ၊ ပြောင်ကြ၊ ကျီစယ်ကြဖြင့် အတော်ပျော်စရာကောင်းခဲ့သည်။ အချို့သူငယ်ချင်းများက ဘယ်ကဘယ်လိုနည်းစနစ်တွေ သင်ယူရရှိခဲ့ကြသလဲမသိ။ အတော်ကောင်းကြသည်။ ဆရာကြီးများပါဝင်သည့် အသင်းအချင်းချင်းဆုံတွေ့ပြီဆိုမှဖြင့် ပြိုင်ဆိုင်မှုက ပို၍ပီပြင်သက်ဝင်လာပြီး အကြိတ်အနယ်ရှိလှသည်။ ကျွန်တော်ကတော့ ဘောလုံးခရေစီဖြစ်၍ အားပေးသူကသက်သက်။ သို့သော်ဘောလုံးအားကစားနည်းပြီးလျှင် ပိုက်ကျော်ခြင်းအားကစားနည်းကို နှစ်ခြိုက်ပါသည်။ ဘောလုံးမကန်ဖြစ်လျှင် ပိုက်ကျော်ခြင်းကွင်းဘက် ခြေဦးလှည့်လေ့ရှိပါသည်။ တစ်ခါတစ်ရံ နောက်ထိန်းကစားပေးလေ့ရှိသည်။

### တိုးမပေါက်အောင် စည်ကား

ပိုက်ကျော်ခြင်းကစားသူလူငယ်များ အထူးများပြားလာ၍ ရပ်မိရပ်ဖများက လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ စသည့် နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များနှင့် ဒီဇင်ဘာ လူထုအားကစားလများတွင် ရပ်ကွက်ပိုက်ကျော်ခြင်းပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးခဲ့သည်။ ပိုက်ကျော်ခြင်းကွင်း ဘေးစည်းလေးဖက်လေးတန်ပြည့်မျှ ပရိသတ်များအားပေးခဲ့ကြ၍ တိုးမပေါက်အောင် စည်ကားလှသည်။ သူ့အသင်းကိုယ့်အသင်း၊ သူ့လမ်းကိုယ့်လမ်း အားပေးကြရင်း ပြိုင်ဆိုင်မှုများပြင်းထန်လာသည်နှင့်အမျှ တစ်ခါတစ်ရံ ပွတ်တိုက်မှုများလည်း ရှိခဲ့သည်။ ဒိုင်လူကြီးပင် ခုံအောက်ပုန်းရှောင်ခဲ့ရသည့်နှစ်များပင် ကြုံတွေ့ခဲ့ရဖူးသည်။ ပိုက်ကျော်ခြင်းအားကစားနည်းသည် ဤမျှရေပန်းစားခဲ့ပါသည်။

ပိုက်ကျော်ခြင်း အားကစားနည်းကို နိုင်ငံတကာတွင် Sepak Takraw ဟု ခေါ်ဆိုသည်။ Sepak ဟူသည့် စကားလုံးမှာ မလေးဘာသာစကားအရ "ကန်သည်" ဟုအဓိပ္ပာယ်ရပြီး Takraw ဟူသည့် စကားလုံးမှာ ထိုင်းဘာသာစကားအရ "ခြင်းလုံး" ဟုအဓိပ္ပာယ်ရသည်။ ရှေးအကျဆုံး မှတ်တမ်းများအရ ပိုက်ကျော်ခြင်းအားကစားနည်းကို အေဒီ ၁၅ ရာစု နှစ်တွင် မလက္ကာရေလက်ကြားဒေသများတွင် အစောဆုံးကစားခဲ့ကြသည်ဟု မလေးရှားနိုင်ငံသမိုင်းမှတ်တမ်းများအရ သိရသည်။ ထို့နောက် အရှေ့တောင်အာရှနိုင်ငံများတွင် ထွန်းကားခဲ့ပြီး အရှေ့တောင်အာရှပြင်ပရှိ တရုတ်၊ ဘရာဇီး စသောနိုင်ငံများတွင်လည်း စတင်ခေတ်စားလာသည်။ လက်ရှိကာလတွင် မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည် ပိုက်ကျော်ခြင်းအားကစားနည်းတွင် ထိပ်တန်းအဆင့်နိုင်ငံများဖြစ်ကြသည်။



၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အသင်းများယှဉ်ပြိုင်စဉ်။

### နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်

မြန်မာနိုင်ငံတွင်လည်း ပိုက်ကျော်ခြင်းအားကစားနည်းသည် လူထုပါဝင်ကစားသည့် အားကစားနည်းတစ်ရပ်ဖြစ်လာသည်နှင့်အမျှ အာရှနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်ခဲ့သည်အထိ အောင်မြင်မှုရရှိလာသည်။

ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် နိုင်ငံတော်အတွက် အာရှနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ် ၂၃ ခုနှင့် ကြေးတံဆိပ် ၃၂ ခု စုစုပေါင်းဆုတံဆိပ် ၇၅ ခု ရယူပေးနိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ရယူဆွတ်ခူးပေးနိုင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်း (လေးယောက်တွဲ)ပြိုင်ပွဲတွင်လည်း မြန်မာပိုက်ကျော်ခြင်းအသင်းသည် အင်ဒိုနီးရှားအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရယူခဲ့ပြီး မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ရယူဆွတ်ခူးပေးခဲ့ပြန်ပါသည်။

ဗိုလ်လုပွဲတွင် မြန်မာအမျိုးသား ပိုက်ကျော်ခြင်း(လေးယောက်တွဲ) အသင်းသည် အုပ်စုတွင်းက ရှုံးနိမ့်ခဲ့သည့် အင်ဒိုနီးရှားအသင်းကို ပထမပွဲတစ်ပွဲတွင် (၂၁-၁၃) ရမှတ်ဖြင့် ပြတ်ပြတ်သားသားအနိုင်ယူနိုင်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် ရမှတ်အတူအနေအထားမှ သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်ကစားခဲ့ရပြီး (၂၄-၂၂) ရမှတ်ဖြင့် ခက်ခဲစွာအနိုင်ရယူခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသားပိုက်ကျော်ခြင်း (လေးယောက်တွဲ) အသင်းတွင် ဇင်မင်းဦး (အားထစ်)၊ ဇင်ကိုကို၊ ရှိန်းဝဏ္ဏဇော်(ရှိန်းလေး)၊ အောင်ခန့်သူ(ဘားသက်)၊ သန့်ဇင်ဦး (ဘောစိ) နှင့် သန့်ဇင်ထွန်းတို့ပါဝင်ကစားခဲ့ကြသည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအိုနှင့် ဂျပန်အသင်းတို့ကို အဆင့်ဆင့်ကျော်ဖြတ်ပြီးမှ ချန်ပီယံရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

### ဂုဏ်ပြုဆုချီးမြှင့်

ထို့ကြောင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်က နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပခဲ့သော ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပိုက်ကျော်ခြင်းအားကစားအဖွဲ့အပါအဝင် ပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့၊ ပီတန်းအားကစားအဖွဲ့၊ ဗိုဗီနမ်အားကစားအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၃၀၀ စီ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် စုစုပေါင်း ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် ၁၄ ခု စုစုပေါင်းဆုတံဆိပ် ၂၄ ခု ရယူပေးနိုင်ခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်၌ အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပေးပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူများ၊ နည်းပြများအပါအဝင် ပြိုင်ပွဲဝင်မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ကြောင်း။

ထိုသို့ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ပြင်းပြင်းထန်ထန်ကြိုးစားလေ့ကျင့်ပြင်ဆင်ခဲ့မှုများကို ဂုဏ်ပြုသည့်အနေဖြင့် ပြိုင်ပွဲအသီးသီးတွင် တစ်ဦးချင်းရွှေတံဆိပ်နှင့် အသင်းလိုက် ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းများကို ငွေကျပ်သိန်း ၃၀၀ စီ၊ တစ်ဦးချင်း ငွေတံဆိပ်နှင့် အသင်းလိုက်ငွေတံဆိပ်ဆုရရှိခဲ့ကြသည့်အသင်းများကို ငွေကျပ်သိန်း ၂၀၀ စီ၊ တစ်ဦးချင်း ကြေးတံဆိပ်နှင့် အသင်းလိုက် ကြေးတံဆိပ်ရရှိခဲ့ကြသည့်အသင်းများကို ငွေကျပ်သိန်း ၁၀၀ စီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၃၉၀၀ ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### နှစ်စဉ်မပျက် ကျင်းပပေးလျက်ရှိ

ထို့အတူ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့က ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ပြည်သူလူထုများ ပိုက်ကျော်ခြင်းအားကစားနည်းကို စိတ်ပါဝင်စားလာစေရန်၊ ပြိုင်ပွဲဝင်အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ်ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲတို့ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ နှစ်စဉ်မပျက် ကျင်းပပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြီးခဲ့သည့် နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်း၊ အားကစားသမား စုစုပေါင်း ၂၆၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီးတံခွန်စိုက်ဆုဖလားကို မွန်ပြည်နယ်အသင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားကို စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့က ဆွတ်ခူးရရှိသွားခဲ့ကြသည်။

ထို့အတူ မြန်မာ့ပိုက်ကျော်ခြင်း အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်သစ်ပိုက်ကျော်ခြင်း အားကစားသမားသစ်များ ပေါ်ပေါက်လာစေရေးနှင့် ပိုက်ကျော်ခြင်းအားကစားဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ကကြီးမှူး၍ ရွှေသံလွင်မီဒီယာက ပထမအကြိမ် စီစဉ်ကျင်းပသည့် ၂၀၂၄ ခုနှစ် SKYNET ဖိတ်ခေါ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရွှေထွန်းတင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားသုံးမျိုးထည့်သွင်းကျင်းပခဲ့ရာ ဟန်ကျိုးအာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် လူငယ်ပိုက်ကျော်ခြင်းအားကစားသမားများအပါအဝင် အမျိုးသားအသင်းခြောက်သင်းနှင့် အမျိုးသမီးအသင်းလေးသင်းတို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုကြေးများအဖြစ် အမျိုးသား (လေးယောက်တွဲ) ပြိုင်ပွဲတွင် *စာမျက်နှာ ၁၁ သို့*

**✳ ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် နိုင်ငံတော်အတွက် အာရှနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ် ၂၃ ခုနှင့် ကြေးတံဆိပ် ၃၂ ခု စုစုပေါင်းဆုတံဆိပ် ၇၅ ခု ရယူပေးနိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် သုံးခု၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ရယူဆွတ်ခူးပေးနိုင်**

# ထားဝယ်မြို့ ကျက်သရေဆောင် လောကသရဖူလျှောင်းတော်မူဘုရားကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်



**ထားဝယ် ဖေဖော်ဝါရီ ၂၄**

ထားဝယ်မြို့ ကျက်သရေဆောင် လောကသရဖူ လျှောင်းတော်မူဘုရားကြီး၏ မျက်ရှင်တော်ဆက်ကပ်လှူဒါန်းခြင်း၊ ရွှေသင်္ကန်းတော် ကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံလှူဒါန်းခြင်း ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇာ အလှူတော်ရေစက်ချမဟာ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ လျှောင်းတော်မူဘုရားကြီး ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ဆရာတော် သံဃာတော်အရှင်သူမြတ်များက လောကသရဖူလျှောင်းတော်မူဘုရားကြီးအား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှေ့၌ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်သည်။ အခမ်းအနားတွင် ထားဝယ်မြို့ ဇေယျဝတီစာသင်တိုက် တိုင်းဒေသကြီးသံဃနာယကအဖွဲ့(ကူးတို့ဂိုဏ်း)ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များရွတ်ပွားပူဇော်သည့် ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘုရားကြီးဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝင်းလှက ရွှေသာလျှောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပြုပြင်မွမ်းမံခဲ့သည့်အခြေအနေများကို ရှင်းလင်းလျှောက်ထားတင်ပြကာ ဩဝါဒါစရိယဆရာတော်ကြီးကိုးပါးတို့အား နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ငွေကျပ်သိန်း ၁၀၀ အလှူရှင် ဦးထွန်းဦး၊ ဒေါ်ခင်မိုးဦး (ဒေါ်ညိုမိသားစု ကုန်မာဆိုင်) တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ကူးတို့ဂိုဏ်း) ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ကြီးထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညို၍ ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ် ၁၀၈ ပါးအား အလှူငွေများနှင့် ဆွမ်းလောင်းလှူကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# မုံရွာမြို့၌ အသံမစဲ ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်ကျင်းပပြုလုပ်သော ၂၂-၁၂-၂၀၂၃ ရက်မှ ၂၄-၂-၂၀၂၄ ရက်အထိ အသံမစဲ ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က မုံရွာမြို့ ရွှေစည်းခုံ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ ဘုရားကြီးရပ်ကွက် မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် အမှူးပြုသည့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ မုံရွာမြို့ အသံမစဲ ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲအဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို မုံရွာမြို့ ရွှေစည်းခုံ သာသနာ့ဗိမာန်တော် ရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။ **ခရိုင်(ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)၌ နည်းပညာဆိုင်ရာ တီထွင်မှုစွမ်းရည် ပြပွဲကျင်းပ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသားကျောင်းသူများ၏ တီထွင်မှုစွမ်းရည် နည်းပညာဆိုင်ရာ Product Show 2024 ပြပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ပြပွဲတွင် ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ)၊ ပါမောက္ခချုပ် ဒေါက်တာ သင်းသုနိုင်က ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)၏ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ယူထားသည့် ပညာရပ် အခြေခံများအလိုက် တတ်ကျွမ်းသည့် နည်းပညာရပ်များကို အသုံးပြုပြီး IT Software Systems များ၊ Website များ၊ Hardware နည်းပညာသုံး Systems ၂၇ ခုကို တီထွင်၍ Product Show 2024 ပြသဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍများကို ကွန်ပျူတာ နည်းပညာဖြင့် ပေါင်းစပ်ကာ စာတွေ့၊ လက်တွေ့ အသုံးပြု ပုံဖော်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ရှမ်းအရှေ့ဒေသမှ IT ပညာရှင်များ ပေါ်ထွက်လာစေရန်နှင့် ကွန်ပျူတာနည်းပညာရပ်များဖြင့် ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် ဆောင်ရွက်နိုင်သည့် လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင်- ၂ ဦးမင်းညို၊ အဖွဲ့ဝင်-၃ ဦးလုကာနှင့် ဌာနဆိုင်ရာများ၊ ကျိုင်းတုံတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ် (ကျိုင်းတုံ)၊ နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)၊ ကျိုင်းတုံပညာရေးကောလိပ်၊ အစိုးရနည်းပညာ အထက်တန်းကျောင်း၊ အခြေခံပညာကိုယ်ပိုင် အထက်တန်းကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



**ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေကျပ်၂၂၃ ဒသမ ၃၈၈ သန်းဖြင့် မင်းတုန်းမြို့နယ် ကြို့ကုန်း-ကံလည် ဆက်သွယ်ရေးလမ်းပေါ်ရှိ ကွန်ကရစ်တံတားအရှည်ပေ ၁၂၀ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။**

မြို့နယ်(ပြန်/ဆက်)

*စာမျက်နှာ ၁၀ မှ*

ပထမဆုငွေကျပ်သိန်း ၃၀ နှင့် ဒုတိယဆုငွေကျပ်သိန်း ၂၀၊ အမျိုးသား (သုံးယောက်တွဲ) ပြိုင်ပွဲတွင် ပထမဆုငွေကျပ် ၂၅ သိန်းနှင့် ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ အမျိုးသမီး (သုံးယောက်တွဲ) ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၁၂ သိန်းနှင့် ဒုတိယဆု ငွေကျပ် ရှစ်သိန်းဖြစ်ပြီး အကောင်းဆုံး အားကစားသမားဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့ပြင် ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် ငွေကျပ်ငါးသိန်းနှင့် အားကစားသမားတစ်ဦးချင်းအတွက် ဂျာစီနှစ်စုံထောက်ပံ့ပေးခဲ့ပြီး နယ်မှလာသည့် အသင်းများအတွက် တည်းခိုနေထိုင်ရေးကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့က ပံ့ပိုးကူညီပေးခဲ့သည်။

SKYNET ဖိတ်ခေါ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် နိုင်ငံတကာပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Abdul Halim Bin Kader တက်ရောက်အမှာစကားပြောကြားခဲ့ပြီး SKYNET ရုပ်သံလိုင်းများကလည်း တိုက်ရိုက်ထုတ်လွှင့်ပြသပေးခဲ့သည်။ ပြိုင်ပွဲတွင် အမျိုးသား (သုံးယောက်တွဲ) ပြိုင်ပွဲနှင့် အမျိုးသား (လေးယောက်တွဲ)ပြိုင်ပွဲ ချန်ပီယံဆုကို Late Thone Kaung အသင်းနှင့် အမျိုးသမီး(သုံးယောက်တွဲ) ပြိုင်ပွဲ ချန်ပီယံဆုကို Apple အသင်းတို့က ဆွတ်ခူးရရှိသွားခဲ့ကြသည်။

ပိုက်ကျော်ခြင်းအားကစား၏ အရွေ့သည် ကျွန်တော်တို့လူငယ်ဘဝကလို မဟုတ်တော့။ နိုင်ငံတော်နှင့် အဖွဲ့ချုပ်တို့၏အားပေးမှုဖြင့် တိုးတက်မြင့်မားလာသည်။ အားကစားသမားများအနေဖြင့်လည်း ထူးချွန်သည်နှင့်အမျှ အပျော်တမ်းအဆင့်မှ ပရော်ဖက်ရှင်နယ် ဆုကြေးစားအဆင့်သို့ တက်လှမ်းလာနိုင်ခဲ့ကြသည်။

ယခင်က ညနေစောင်းလျှင် လူငယ်များ ဆုံနေကျ ရပ်ကွက်ကွင်းအတွင်းက ပိုက်ကျော်ခြင်း ကစားကွင်းလေးကို ကျွန်တော်လွမ်းမော အမှတ်ရလာသည်။ ကစားဖော် ကစားဖက်၊ အားပေးဖော် အားပေးဖက် သူငယ်ချင်းများကိုလည်း သတိရမိသည်။ အချို့ကား မရှိကြတော့။ ယခင်ပိုက်ကျော်ခြင်းကွင်းလေး တည်ရှိရာ မြေကွက်လပ်လွတ်လေးကလည်း ပိုင်ဆိုင်မှု၏ သင်္ကေတ ခြံစည်းရိုးတွေက အထပ်ထပ်။

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ "အဖိုးနည်းဝန်ပါ သင်ကျန်းမာဖို့ ပိုက်ကျော်ခြင်းကစားကြစို့" ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးအတွက်ဖြစ်စေ၊ အားကစားအတွက်ဖြစ်စေ လေ့ကျင့်ယှဉ်ပြိုင်နိုင်သည့် ပိုက်ကျော်ခြင်း အားကစားနည်းကို အထူးသဖြင့် လူငယ်များ အောက်ခြေတွင် ပိုမိုကစားနိုင်ရန် ရပ်မိရပ်ဖ လူကြီးများက အားပေးဆောင်ရွက်ကြရပါမည်။ အားကစားနည်းတစ်ရပ်အောင်မြင်ဖို့၊ အောင်မြင်မှုကို ထိန်းသိမ်းနိုင်ဖို့ဆိုသည်မှာ ပိရမစ်သဏ္ဍာန် အောက်ခြေကစ၍ ကျယ်ပြန့်စွာ တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲလှူဒါန်းပွဲ ရေစက်ချအနုမောဒနာအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တပို့တွဲလပြည့်နေ့ ထမနဲဆွမ်းလှူဒါန်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် ရင်ပြင်သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ညောင်ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ထမနဲဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းနှင့် ရောင်တော်ပွင့်တန်ဆောင်းတို့၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်သံဃာတော်များက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော်ရင်ပြင်တစ်ပတ်လှည့်လည်ပူဇော်ခံရာ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ထမနဲဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။



ဆက်လက်၍ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲလှူဒါန်းပွဲ ရေစက်ချအနုမောဒနာအခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃာ့ဝန်ဆောင်၊ သာသနာ့ဓဇမ္မာစရိယ ဆရာတော်ဘဒ္ဒန္တကဥ္စနထံမှ ညောင်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ထမနဲလှူဒါန်းပွဲတော် ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးထိန်ဝင်းက ဇယမင်္ဂလာအနုမောဒနာစကား လျှောက်ထားသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ အနုမောဒနာတရားနာကြားပြီး ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့ တပို့တွဲလပြည့်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆံတော်ရှင် ကျိုက်သီရိဓမ္မသိုက်စေတီတော်၌ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ ကျင်းပ

**အင်းတကော် ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့၌ ရှေးနှစ်ပေါင်းများစွာက တည်ထားကိုးကွယ်ခဲ့သောဆံတော်ရှင် ကျိုက်သီရိဓမ္မသိုက်စေတီတော်၌ တပို့တွဲလပြည့်နေ့ နံနက်ပိုင်းက ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ ကျင်းပရာ အလှူရှင်များက လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ကြပြီး **(အောက်ပုံ)** ဘုရားရင်ပြင်တော်ပေါ်တွင် စတုဒိသာများ ကျွေးမွေးကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲတွင် လှူဒါန်းမှုအစုစုတို့ကို ရေစက်ချတရားတော်အား ဥုးဇာဂရာဘိဝံသ (ဓမ္မာစရိယ) သန္တိမ္မအလင်းရောင်ကျောင်းတိုက်ဆရာတော်က ဟောကြားသည်။

နှစ်စဉ် အဆိုပါ ဘုရားရင်ပြင်တော်ပေါ်တွင် လပြည့်နေ့တိုင်း စတုဒိသာ ကျွေးမွေးခြင်းများကို အလှူရှင် ဦးဆန်းဦး၊ ဒေါ်ယဉ်မင်းထွန်း(မိသားစု)က ဦးဆောင်၍ ထမင်းနှင့် ငါးသလောက်ပေါင်း၊ ပဲဟင်းများနှင့် အချိုရည်များကို ဘုရားဖူးလာပြည်သူများအား ညောင့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။



အလှူရှင်များ၊ ဘုရားပွဲတော်လာပြည်သူများနှင့် စည်ကားနေပြီး အဆိုပါစေတီတော်သည် ယခင်အချိန် ၁၉၇၀ ပြည့်နှစ်ခန့်က တိမ်မြုပ် ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ရာမှ ယခုအခါ ဆရာတော်၊ သံဃာတော်များ၊ အလှူရှင်များ၊ ဘုရားဂေါပကအဖွဲ့ဝင် အဆက်ဆက်က ပြန်လည်ပြုပြင်ခဲ့ရာမှ ယခုအခါ ပြန်လည်စည်ကားလာခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မန်ကန်မြို့၌ ဗုဒ္ဓမြတ်စွာဘုရားကို ရည်စူး၍ ဘုရားမီးလှုံပူဇော်ပွဲ ကျင်းပ

**မန်ကန် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မန်ကန်မြို့၌ တပို့တွဲလပြည့်မတိုင်မီ ဗုဒ္ဓမြတ်စွာဘုရားကို ရည်စူး၍ ဘုရားမီးလှုံပူဇော်ပွဲကို ယမန်နေ့ညက ကျင်းပသည်။

ထိုသို့ဗုဒ္ဓမြတ်စွာဘုရားအား ရည်စူး၍ဘုရားမီးလှုံပူဇော်ပွဲကိုမန်ကန်မြို့ ပြည်သူထုများက သစ်ပင်များကိုခုတ်ပြီး ဘုရားစေတီပုံပြုလုပ်ကာ ဗုဒ္ဓမြတ်စွာဘုရားကိုရည်စူး၍ ရှမ်းထမနဲများ ဆက်ကပ်ပူဇော်ခြင်း၊ ဘုရားစေတီအား မီးလှုံပူဇော်ခြင်းနှင့် မိဘဆရာသမား၊ သက်ကြီးဘိုးဘွားဆွေမျိုးများအား ကန်တော့ခြင်းတို့ကို တပို့တွဲလပြည့်နေ့မတိုင်မီ ဗုဒ္ဓဘာသာဝင်များ၏ ထုံးထမ်းအစဉ်အလာအတိုင်း တိုင်းရင်းသားပြည်သူအားလုံး ညီညီညွတ်ညွတ်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိကြောင်းလည်း သိရသည်။ **အေးကပ်(မြို့ရုံး၊ပြန်/ဆက်)**

# မြို့သစ်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်

**မြို့သစ် ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်သမဝါယမ ဦးစီးဌာနခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ ကိုယ်စားလှယ်များနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက သမဝါယမအသင်းများအနေဖြင့် ပေးဆပ်ရန်ကျန်ရှိသည့် EXIM Bank ကြွေးကျန်များအား အမြန်ဆုံးပေးဆပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ပေးဆပ်ပြီးသည့်အသင်းများအနေဖြင့် နွေ၊ မိုး၊ ဆောင်း ရာသီ သီးနှံအလိုက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပံ့ပိုးသည့် သွင်းအားစုများ ရယူနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။ **(အောက်ပုံ)**



ထို့နောက် မြို့သစ်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်သမဝါယမအသင်းစုလီမိတက် အမှုဆောင်အဖွဲ့ အတွင်းရေးမှူးက လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စာရင်းစစ်အဖွဲ့ခေါင်းဆောင်က မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများကိုလည်းကောင်း ဖတ်ကြားကြပြီး မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ နှစ်ချုပ်စာရင်းစစ်ဆေးချက် အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝင်းအိဇွန်(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးက ကြီးမှူးပြုလုပ်သည့် ရှာဖွေကယ်ဆယ်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၄)ကို ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါရုံး၌ ဖွင့်လှစ်သင်ကြားရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမျိုးဇော်အမှာစကားပြောကြားစဉ်။ ရဲကိုမောင်(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## တောင်ကာရိုလိုင်းနားပြည်နယ်၌ ပြုလုပ်သည့် ရီပတ်ဘလီကင်ပါတီ၏ ကိုယ်စားလှယ်လောင်း အကြိုရွေးကောက်ပွဲတွင် ထရမ့်နှင့် ဟာလေတို့ ယှဉ်ပြိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

တောင်ကာရိုလိုင်းနားပြည်နယ်မှ မဲဆန္ဒရှင်များသည် ရီပတ်ဘလီကင် ပါတီ၏ ကိုယ်စားလှယ်လောင်း အကြိုရွေးကောက်ပွဲအတွက် ဖေဖော်ဝါရီ ၂၄ ရက်က မဲစတင်ပေးနေကြပြီဖြစ်သည်။

အဆိုပါမဲပေးပွဲတွင် အမေရိကန်သမ္မတဟောင်း ဒေါ်နယ် ထရမ့်နှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း နစ်ကီဟာလေတို့ ယှဉ်ပြိုင်ကြလျက်ရှိသည်။ ထရမ့်သည် ရီပတ်ဘလီကင်ပါတီ၏ မဲပေးပွဲများတွင် ရှုံးပွဲမရှိ ဆက်လက်ဦးဆောင်လျက်ရှိပြီး ဟာလေသည်လည်း တောင်ကာရိုလိုင်းနားပြည်နယ် ရွေးကောက်ပွဲတွင် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်လျက်ရှိသည်။



ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း နစ်ကီဟာလေနှင့် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်။

နစ်ကီဟာလေသည် အဆိုးဆုံးအခြေအနေများကို ကျော်လွှားရန် ကြိုးပမ်းနေပြီး လွန်ခဲ့သည့် ၁၄ နှစ်က ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်လာစေရန် ကျော်လွှားခဲ့ပုံများကို ပြန်လည်မြင်ယောင်လာစေသည်။ သမ္မတဟောင်းထရမ့် အမေရိကန်သမ္မတအဖြစ် တာဝန်ယူစဉ်က ၎င်းသည် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။

ဖေဖော်ဝါရီ ၂၃ ရက်က ပြုလုပ်သည့် လူထုစုဝေးပွဲတွင် ၎င်းက အမေရိကန်၌ ဘုရင်အဖြစ် ဘိသိက်ခံခြင်းမျိုးမရှိဘဲ တရားဝင်မဲပေးခွင့်ရှိကြောင်း တောင်ကာရိုလိုင်းနား ပြည်နယ်သည်လည်း အခြားသောပြည်နယ်များနည်းတူ မဲပေးခွင့်နှင့် ထိုက်တန်ကြောင်း ပြောကြားခဲ့သည်။

၎င်းကို ထောက်ခံသူတစ်ဦးကလည်း ဟာလေကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ပြီး ၎င်းအနေဖြင့် အကောင်းဆုံးကျော်လွှားနိုင်လိမ့်မည်ဟုယုံကြည်ကြောင်း ပြောကြားခဲ့သည်။ လတ်တလော ကောက်ခံထားသည့် ဆန္ဒမဲများအရ ထရမ့်ကို ထောက်ခံသူမှာ ၆၀ ရာခိုင်နှုန်းကျော်ရှိပြီး ဟာလေကို ထောက်ခံသူမှာ ၄၀ ရာခိုင်နှုန်းအောက်တွင်သာရှိသည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံအစိုးရက နိုတိုဒေသ ပြန်လည်တည်ဆောက်ရေးအတွက် နောက်ထပ် အမေရိကန်ဒေါ်လာ သန်း ၆၆၀ သုံးစွဲမည်

**နိုတို ဖေဖော်ဝါရီ ၂၄**

ဂျပန်နိုင်ငံအစိုးရသည် ငလျင်လှုပ်ခဲ့သည့် နိုတိုဒေသ၌ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အရှိန်မြှင့်တင်ရန် နောက်ထပ် ယန်း ဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာသန်း ၆၆၀) သုံးစွဲသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ပြောကြားသည်။

ဝန်ကြီးချုပ် ကီရှီဒါက အာနာမီဇူမြို့နှင့် ဝါဂျီမာမြို့တို့ရှိ ပြန်လည်ထူထောင်ရေး စခန်းများသို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် သွားရောက်ခဲ့ပြီး ပြည်တွင်းစီးပွားရေးကို ထောက်ပံ့ပေးနေသည့် စီးပွားရေးသမားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ ယခုဘဏ္ဍာနှစ်အတွင်း သီးသန့်ရန်ပုံငွေအပေါ် အခြေခံသည့် လာမည့်သီတင်းပတ်အစောပိုင်းမှစကာ နောက်ထပ်ငွေကြေးသုံးစွဲမှုကို ဆုံးဖြတ်ရန် စီစဉ်ခဲ့သည်ဟု ဝန်ကြီးချုပ်က သီတင်းထောက်များကို ပြောကြားသည်။ နောက်ထပ်ငွေကြေးသုံးစွဲမှု အစိတ်အပိုင်းအဖြစ် ငလျင်ဒဏ်သင့်သူများ၏ နေအိမ်များပြန်လည်တည်ဆောက်ရေးအတွက် ယန်း သုံးသန်း (အမေရိကန်ဒေါ်လာ ၂၀၀၀၀)အထိ ပြည်သူများကို ထောက်ပံ့ပေးရန် ရည်ရွယ်ခဲ့ကြောင်း သိရသည်။




နေအိမ်ပျက်စီးခဲ့သည့် အသက်အရွယ်ကြီးသူများအား ထောက်ပံ့မှုများပေးရန် ကနဦးစီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်၌ အဆောက်အအုံမီးလောင်မှုဖြစ်ပွား ၁၅ ဦး သေဆုံး

**နန်ကျင်း ဖေဖော်ဝါရီ ၂၄**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ် နန်ကျင်းမြို့၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၅ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု မြူနီစီပယ်အုပ်ချုပ်ရေးရုံးမှ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောသည်။

ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၄နာရီ ၃၉ မိနစ်က မီးလောင်မှုဖြစ်ပွားနေသည်ဟု အကြောင်းကြားချက် လက်ခံရရှိခဲ့သည်။ နံနက် ၆ နာရီဝန်းကျင်တွင် မီးကိုငြိမ်းသတ်နိုင်ခဲ့သည်။ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို မွန်းလွဲ ၂ နာရီတွင် အဆုံးသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ၄၄ ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့ကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။ အဆောက်အအုံ၏ ပထမထပ်တွင် မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်စက်ဘီးထားသည့်နေရာမှ စတင်ခဲ့ခြင်းဖြစ်သည်ဟု ကနဦးစစ်ဆေးချက်များအရ သိရသည်။

**ဆင်ဟွာ**

## လာအိုနိုင်ငံ၌ ဇန်နဝါရီလနောက်ပိုင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူပေါင်း ၁၀၇၅ ဦးအထိ ရှိလာ

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၂၄**

လာအိုနိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလနောက်ပိုင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်းမှာ သေဆုံးသူ နှစ်ဦးအပါအဝင် ၁၀၇၅ ဦးအထိ ရှိလာကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ဆက်ခွန်းပြည်နယ်က ၂၉၆ ဦးဖြင့် အများဆုံးဖြစ်ပြီး ယင်းနောက်တွင် လာအိုနိုင်ငံ၏ မြို့တော်ဗီယင်ကျန်းက ၂၂၁ ဦး၊ လူအန်းနမ်သာပြည်နယ်က ၁၇၅ ဦးဖြင့် အများဆုံးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ သတင်းအချက်အလက်နှင့် ပညာရေးစင်တာ၏ ဖေဖော်ဝါရီ ၂၄ ရက်က ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။

ထို့အပြင် အဆိုပါအစီရင်ခံစာ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူနှစ်ဦးမှာ မြို့တော်ဗီယင်ကျန်းမှဖြစ်ကြောင်း ဖော်ပြထားသည်။ သွေးလွန်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဟန့်တားနိုင်ရန် အိမ်ရာများနှင့် အလုပ်ခွင်နေရာများ၌ ခြင်ပေါက်ပွားနိုင်ခြေရှိသော နေရာများကို ရှင်းလင်းကြရန် လာအိုကျန်းမာရေးအာဏာပိုင်များက ပြည်သူများအား တိုက်တွန်းထားသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ လူနေရပ်ကွက်၌ မီးလောင်မှုကြောင့် နှစ်ဦးသေဆုံး

**မနီလာ ဖေဖော်ဝါရီ ၂၄**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ မန်ဒါလူယောင်မြို့ စည်ကားသည့်ရပ်ကွက်တစ်ခုတွင် မီးလောင်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးကြောင်း မြို့တော်သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးရုံးက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

သေဆုံးသူများမှာ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏သားဖြစ်ပြီး မိမိတို့ မီးလောင်ချိန်တွင် နေအိမ်အတွင်း ပိတ်မိခဲ့ကြောင်း၊ အိမ်နီးချင်း အခြားနေအိမ် ၂၀ မှာလည်း မီးလောင်ခဲ့ကြောင်း မီးဘေးကာကွယ်ရေးဌာနက ပြောကြားသည်။ မီးသတ်သမားများမှာ ဖေဖော်ဝါရီ ၂၄ ရက် နံနက်အစောပိုင်းအထိ သုံးနာရီကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်မှုကြောင့် မိသားစု ၁၁၉ စု သို့မဟုတ် လူဦးရေ ၅၀၀ နီးပါး မီးဘေးသင့်ခဲ့ကြောင်း မီးဘေးကာကွယ်ရေးဌာနက ဆိုသည်။ မီးလောင်မှုနှင့်ပတ်သက်၍ အဆိုပါဌာနက စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**ဆင်ဟွာ**

## လကမ္ဘာစူးစမ်းလေ့လာရေးအစီအစဉ် Artemis ၏ အာကာသယာဉ်မှူးများ နေထိုင်နိုင်သော မော်ကျူးကို မီဒီယာသို့ပြသ

**ရောမ ဖေဖော်ဝါရီ ၂၄**

အမေရိကန်ဦးဆောင်သော လကမ္ဘာစူးစမ်းလေ့လာရေးအစီအစဉ် Artemis ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးပြုမည့် အာကာသယာဉ်မှူးများ နေထိုင်နိုင်သော မော်ကျူးတစ်ခုကို မီဒီယာသို့ ချပြခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ Artemis အစီအစဉ်မှာ ရာစုနှစ်ဝက်ကျော်အတွင်း ပထမဆုံးလူလိုက်ပါနိုင်သည့် လကမ္ဘာခရီးစဉ်ကို ပြုလုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ ထိုအစီအစဉ်တွင် ဂျပန်နိုင်ငံလည်း ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အစီအစဉ်အရ လကို လှည့်ပတ်နေစဉ်အတွင်း အာကာသယာဉ်မှူးများ နေထိုင်နိုင်ရန်အတွက် Gateway အာကာသစခန်းတစ်ခု တည်ဆောက်သွားမည်ဖြစ်သည်။ HALO ဟုခေါ်သော အဆိုပါ မော်ကျူးကို အီတလီနိုင်ငံရှိ တီထွင်ရေးအဆောက်အအုံတစ်ခု၌ ကြာသပတေးနေ့က ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

ဆက်သွယ်ရေးစနစ်များနှင့် အသက်ကယ်ထောက်ပံ့ရေးကိရိယာများ တပ်ဆင်ထားသော အဆိုပါမော်ကျူးကို လာမည့်နှစ်မကုန်မီတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။ အလုပ်သမားများသည် HALO ၏ အပြင်ဘက် အလူမီနီယံနံရံများ ဆောက်လုပ်မှုပြီးစီးရန် နီးစပ်လာပြီဖြစ်ကြောင်း၊ မော်ကျူးကို တပ်ဆင်ခြင်းနှင့် အတွင်းပိုင်းစမ်းသပ်မှုများပြီးဆုံးပြီးနောက် နှစ်မကုန်မီတွင် လွှတ်တင်နိုင်ရန်အတွက် အမေရိကန်သို့ ပို့ဆောင်တော့မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။



Gateway အာကာသစခန်း၏ အတွင်းပိုင်းကို ရှင်းပြနိုင်ရန်အတွက် အဆောက်အအုံတစ်ခုကိုလည်း မီဒီယာသို့ ပြသခဲ့ကြောင်းနှင့် မော်ကျူး၏ အသက်ကယ်ထောက်ပံ့ရေးစနစ်အတွက် ဂျပန်နည်းပညာကို အသုံးပြုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး ဆောင်ရွက်နေသည့်အစီအမံများအပေါ်အခြေခံ၍ ပို့ကုန်ကဏ္ဍပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အဝင်ရှိ ကျိုင်းဖောင်း ကုန်ပစ္စည်းစစ်ဆေးရေးဂိတ်နှင့် ကျိုင်းတုံမြို့အထွက်ရှိ နောင်နွမ်း ကုန်ပစ္စည်းစစ်ဆေးရေးဂိတ်များသို့ သွားရောက်၍ ကုန်သွယ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ပို့ကုန်ကုန်တင်ယာဉ်များ စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိမိနိုင်ငံမှတင်ပို့သည့် ကုန်ပစ္စည်းများ စံချိန်စံညွှန်းမီဖြစ်စေရေး၊ မှန်ကန်သည့် ကုန်သွယ်မှုဖြစ်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး အလေးထားဆောင်ရွက်ရေး၊ နည်းပညာအရ ဆောင်ရွက်သည့် QR code စနစ်အတိုင်း တိကျစွာ စိစစ်မှတ်တမ်းတင်ရေးနှင့် လုပ်ငန်းများကို အဂတိကင်းရှင်းစွာဖြင့် သတ်မှတ်လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ ပို့ကုန်သွင်းကုန်ရုံး၌ ကုန်သွယ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်မှချမှတ်ထားသော စီးပွားရေး ဦးတည်ချက်များ၊ လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ကြရန်၊ စွမ်းဆောင်ရည်ပြည့်ဝသောဝန်ထမ်းများ ဖြစ်စေရေးနှင့် အဂတိလုံးဝကင်းရှင်းစွာဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် တာချီလိတ်မြို့ရှိတာချီလိတ်ကုန်သွယ်ရေးစခန်း၌ One-Stop-Service(OSS)အဖွဲ့များ၊ ကုန်သည်အသင်းများမှ တာဝန်ရှိသူများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး ဆောင်ရွက်နေသည့် အစီအမံများအပေါ်အခြေခံ၍ ပို့ကုန်ကဏ္ဍပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ကြရန်၊ လက်ရှိဈေးကွက်ရရှိပြီးသော နိုင်ငံများသို့ ပို့ကုန်ပိုမိုတင်ပို့နိုင်ရေး၊ ပို့ကုန်ကုန်စည်အမယ်အသစ်များ ရှာဖွေ၍ ပိုမိုတင်ပို့နိုင်ရေး၊ ကုန်သွယ်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် မှန်ကန်မြန်ဆန်စေရေး OSS အဖွဲ့တွင် ပါဝင်ဆောင်ရွက်နေသည့်ဌာနများနှင့် ကုန်သည်အသင်းအဖွဲ့များ ပေါင်းစပ်၍ ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ **(အပေါ်ပုံ)**



ယင်းနောက် တက်ရောက်လာကြသော One-Stop-Service (OSS) အဖွဲ့ဝင်များ၊ ကုန်သည်အသင်းများမှ တာဝန်ရှိသူများနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိမ် (၃၀) မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များက တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းအား အလေးပြုခြင်း၊ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက (၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိမ်(၃၀) မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှုတွင် တတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း ခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်း အသင်းခေါင်းဆောင်နှင့် ပထမဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း ခေါင်းဆောင်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (က)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု အကောင်းဆုံးဆုရရှိသည့် စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ (ခ) အဆင့် အသင်းလိုက် အထူးဆု - ၂ ရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်း အသင်း၊ အထူးဆု - ၁ ရရှိသည့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂)စစ်တီးဝိုင်း အသင်း၊ တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်း အသင်း၊ ဒုတိယဆုရရှိသည့် နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်း အသင်း၊ ပထမဆုရရှိသည့်ရန်ကုန် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းနှင့် (က)အဆင့် အသင်းလိုက် အထူးဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ကိုယ်စားပြု ရဲတီးဝိုင်း အသင်း၊ တတိယဆုရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီး ဝိုင်းအသင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် ပထမဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း **(ဝဲပုံ)** တို့ကို ဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါတပ်မတော်နေ့အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲများကို ၁၉၈၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး (၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိမ် (၃၀) မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ စတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင် စစ်တီးဝိုင်း အသင်းပေါင်း ၂၉ သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**







# တပ်မတော်က ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နှင့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တို့တွင် နေအိမ်များမီးလောင်ပျက်စီးပြီး သေဆုံးမှုများရှိဟု မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ဖေဖော်ဝါရီ ၂၁ ရက်က မြို့တွင်း ရပ်ကွက်နှစ်ခုကို တပ်မတော်က မီးရှို့၍ ဒရုန်းဖြင့် ဗုံးချ တိုက်ခိုက်ခဲ့ခြင်းကြောင့် ဒေသခံနေအိမ် ၁၀၀ ခန့် မီးလောင်ပျက်စီးခဲ့သည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် RFA မှ လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။

အထက်ပါသတင်းနှင့် ပတ်သက်၍ မြေပြင်စုံစမ်းသိရှိရသော သတင်းများနှင့် ဒေသခံပြည်သူအချို့ထံမှ သိရှိရသော သတင်းများအရ ဖေဖော်ဝါရီ ၂၁ ရက်တွင် ကော့ကရိတ်မြို့တွင်းရှိ ရပ်ကွက်များကို တပ်မတော်က မီးရှို့မှုမရှိကြောင်းနှင့် ဒရုန်းဗုံးကြဲသည် ဆိုသည်မှာ သတင်းမှားသာဖြစ်ကြောင်းသိရှိရပြီး ကော့ကရိတ်မြို့အတွင်း KNLA နှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များသည် တပ်မတော်၏ နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်၊ စခန်းများကို အဝေးမှ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်း၊ နယ်မြေလုံခြုံရေး လှုပ်ရှားစစ်ကြောင်းများကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းတိုက်ခိုက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိခြင်းတို့ကြောင့် အနီးဝန်းကျင် မြို့၊ ရွာများအတွင်းရှိ ဒေသခံပြည်သူတို့၏ လူနေအိမ်များပေါ်သို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်များ မီးလောင်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ ၂၃ ရက်တွင်လည်း ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ ကျက်သရေရွာကို တပ်မတော်က ရဟတ်ယာဉ်ဖြင့် ဗုံးကြဲပစ်ခတ်မှုကြောင့် တောင်ကုတ် တက္ကသိုလ်ကျောင်းသား မောင်ဖြိုးစံအောင် ကျည်ထိမှန်သေဆုံးခဲ့သည်ဟု အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပြီး အဆိုပါနယ်မြေတွင် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ ကျက်သရေရွာကို တပ်မတော်က လေယာဉ်ဗုံးကြဲတိုက်ခိုက်မှုမရှိဘဲ အဆိုပါ ကျက်သရေရွာတွင် တပ်မတော်စစ်ကြောင်းများ ရှိသည်ဟူသော အထင်နှင့် AA အကြမ်းဖက်အဖွဲ့မှ Drop Bomb များ ကြဲချတိုက်ခိုက်မှုကြောင့် ကျေးရွာနေပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် အခြေအမြစ်မရှိသော ကောလာဟလ သတင်းမှားများကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် ဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျွန်တော်ချစ်သော တောင်ဇလပ်မြေ၊ အေးချမ်းသာယာရှိပါစေ

**မြင့်စိုး(နတလ)**



ချင်းတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ ရိုးရာမီးပုံပွဲကို ပါဝင်ဆင်နွှဲကြစဉ်။

**ကျွန်တော်ချစ်သော တောင်ဇလပ်မြေ**

၁၉၉၈ ခုနှစ် ဟားခါးကျောင်းသားအားကစားပွဲတော် ကျင်းပစဉ်ကာလ နယ်စပ်/ စည်ပင်ဝန်ကြီးဌာန၊ နတလဝန်ထမ်းဘဝဖြင့် စတင်ရောက်ဖူးခဲ့သော ချင်းဒေသ၊ ထိုမှ တီးတိန်၊ တွန်းဇံခရီးစဉ်မှာ ညနေရာတွင် မြောက်ယဉ်စွန်းတန်း ဖြတ်သည်ဆိုသောနေရာ၌ အမှတ်တရဓာတ်ပုံရိုက်ခဲ့ပြီး တွန်းဇံမြို့၏ နံနက်ခင်းအလှကို အကြောင်းပြုကာ "တိမ်ပင်လယ်မှ ပြန်ခဲ့သည်" ဆိုသော ဆောင်းပါးကို ရေးဖြစ်ခဲ့သည့် ချင်းဒေသ၊ ဟားခါးမြို့မှ ထန်တလန်မြို့လေးသို့ သွားသည့်အခါတိုင်း တီးမစ်(သီးမြစ်) ချိုင့်ဝှမ်း၏အလှကို တရှိုက်မက်မက် ငေးမောခံစားဖူးသည့် ချင်းဒေသ၊ နတလဝန်ထမ်းဘဝဖြင့်ပင် အကယ်ဒမီသက်မွန်မြင့်တို့၏ဇာတိ ဖလမ်းမြို့နယ်အတွင်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ဘက်သို့ လမ်းတစ်လမ်း ဖောက်လုပ်ပေးခဲ့ဖူးသော ချင်းဒေသ၊ လုံပီးတောရတစ်ဝိုက်မှာလည်း တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး အရှင်ဦးဥတ္တမသာရ၏ ခမ္မအငွေ့အသက်များဖြင့် အေးငြိမ်းရာကို ရှာဖွေတွေ့ရှိခဲ့ဖူးလေသော ချင်းဒေသ။

ဆိုရသော်... ချင်းဒေသသည် ယခင်ကတည်းက ကျွန်တော်နှင့် မစိမ်းခဲ့ပါ။ တစ်ခုပြောစရာရှိသည်ကတော့ ချင်းပြည်နယ် မြောက်ပိုင်းဒေသများသို့သာ အရောက်အပေါက်များခဲ့ပြီး တောင်ပိုင်းဒေသများဖြစ်သည့် ကန်ပက်လက်၊ မတူပီ၊ ပလက်ဝနှင့် မင်းတပ်မြို့နယ်များသို့ မရောက်ခဲ့ခြင်းပင်။ သို့ဖြစ်သော်ငြားလည်း ထိုအရပ်၊ ထိုဒေသများမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် ဖိတ်ကြားခေါ်ယူခဲ့သော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ရင်းနှီးချစ်ခင်စွာ ဆုံတွေ့ခွင့်ရခဲ့သောကြောင့် သူတို့ဒေသတွေအကြောင်း၊ သူတို့ ရိုးရာယဉ်ကျေးမှုများအကြောင်း အတန်အသင့် စေ့ငုလေ့လာခွင့်ရခဲ့ပါသည်။

၁၉၉၈ ခုနှစ် ဟားခါးကျောင်းသားအားကစားပွဲတော်မှအပြန် ခွာရုံကျောင်းဆရာတော်ကြီးနှင့် ဟားခါးမြို့မပရိယတ္တိကျောင်းတိုက်တွင် ထိုစဉ်က သီတင်းသုံးနေသော အရှင်တေဇောသာရ (ယခု ဒေါက်တာဘဒ္ဒန္တတေဇောသာရ) တို့ကို အကြောင်းပြု၍ "ရှန်းတောင်ခြေမှအလင်းတန်းများ" ဆောင်းပါးခေါင်းစဉ်ဖြင့် ရေးသားကာ ချင်းပြည်နယ်၏ အထင်ကရ နယ်ချဲ့တော်လှန်ရေး ခေါင်းဆောင်များကိုပါ ထည့်သွင်းဂုဏ်ပြုဖော်ပြခဲ့သည်။ ထိုအချိန်က လမ်းပန်းဆက်သွယ်ရေးနှင့် တယ်လီဖုန်းဆက်သွယ်ရေးစနစ်များက မကောင်းတော့ကာ အားကစားပွဲတော်သို့ လာရောက်နေစဉ် အချိန်တစ်လအတွင်း မွေးရပ်မြေမှ ဖခင်ကွယ်လွန်သွားသည့်သတင်းကို မသိခဲ့ရ၊ ပြန်မှရွာကိုသွားပြီး အဖေ့မြေပုံကို ကန်တော့ရင်း မျက်ရည်ကျခဲ့မိသည်။ ဤသည်တို့ကား ကျွန်တော်ချစ်သော တောင်ဇလပ်မြေအမှတ်တရ ရေစက်များပါပေတည်း။

**(၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခွင့်ရခဲ့သော ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး အစရှိသည်တို့ကို အခါအခွင့်သင့်လျှင် သင့်သလို ရောက်ခဲ့သော်ငြားလည်း ချင်းပြည်နယ်သို့ မရောက်ခဲ့ပါ။ ထိုမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင်မူ (၇၅)နှစ်မြောက် ချင်းအမျိုးသားနေ့ကို တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခွင့်ရခဲ့ပါသည်။ ထိုနှစ်က အခမ်းအနားကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မရောက်တာ နှစ်အတန်ကြာပြီဖြစ်သော ချင်းပြည်နယ်၏မြို့တော်ဟားခါးကို ပြန်လည်ခြေချခွင့်ရသည့်အတွက် ဝမ်းသာပျော်ရွှင်မိပါသည်။

ယခုနှစ် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သော (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး စာရေးသူ ကျွန်တော် မြင့်စိုး (နတလ)၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းတို့ ပါဝင်တက်ရောက်ခွင့်ရခဲ့ကြပါသည်။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့ တပ်မတော်လေယာဉ်ဖြင့် နေပြည်တော်မှ ကလေးမြို့သို့ ထွက်ခွာလာသော ခရီးစဉ်သည် ယခင်ကလည်း သွားဖူးနေကျဖြစ်သောကြောင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ သိပ်မရှိလှ။ ပုံမှန်ခရီးစဉ်တစ်ခုမျှသာ ဖြစ်ခဲ့သည်။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်အချိန် ကလေးမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့သော ခရီးကိုမူ ကျွန်တော်စိတ်ဝင်စားသည်။

ကလေးမြို့နှင့် ဟားခါးမြို့အကြား ရဟတ်ယာဉ်ပေါ်မှ လှမ်း၍တွေ့မြင်နေရသော စိမ်းညို့ညို့ တောင်တန်းကြီးများ၊ ဝါတချို့ နီတစ်ထွေ တောင်ယာစိုက်ခင်းများက သဘာဝပန်းချီကားချပ်များပမာ ရှိနေကြသည်။ အနီးကပ်ကြည့်လျှင် ထင်းရှူး၊ ချယ်ရီနှင့် တောင်ဇလပ်ပန်းနီနီများကိုပင် တွေ့မြင်ပေဦးတော့မည်။ မြစ်ကြီး၊ မြစ်ငယ်များနှင့် ရံဖန်ရံခါပေါ်လာတတ်သော ကားလမ်းကွေ့ကွေ့ကောက်ကောက်လေးများကလည်း တို့ထိကစားထားသည့် စုတ်ချက်များဟု ပြောရမည်သာ။ ပျံသန်းချိန် မကြာမြင့်လှ၊ ၂၅ မိနစ်စွန်းစွန်းမှာ ဟားခါးမြို့သို့ ရောက်လာခဲ့ကြသည်။ ရှန်းတောင်ပေါ်က ပဋ္ဌဝဂ္ဂိငါးဦးအား တရားဦးဟောဟန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ရုပ်တုများရှိရာအရပ်ဆီသို့ ရည်မှန်း၍ ဦးခိုက်လိုက်ပါသည်။

*စာမျက်နှာ ၁၇ သို့*



(၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ကပြဖျော်ဖြေခဲ့ကြသော ဟားခါးချင်းရိုးရာဝါးညှပ်အက။

- **ချင်းအမျိုးသားနေ့သည် ချင်းတိုင်းရင်းသားများက ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများနှင့် ပဒေသရာဇ်စနစ်ဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊ တိုက်သူကြီးအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဖော်ဆောင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်**
- **ပြည်တွင်းပြည်ပအဖျက်အင်အားစုတို့၏ အချင်းချင်း မုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးနေခြင်း၊ ကျဉ်းမြောင်းသည့် လူမျိုးရေးအယူဝါဒ သွတ်သွင်းပေးနေခြင်းတို့ကို သတိပြုကာကွယ်ကြရန် လိုအပ်**

# မွန်ပြည်နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ဆောင်ရွက်မည်



**မော်လမြိုင် ဖေဖော်ဝါရီ ၂၄**
မွန်ပြည်နယ်အတွင်းမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခြင်းကို ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအတွက် လစဉ်ကျန်းမာရေးစစ်ဆေးပေးမည့် အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသလို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးနိုင်ရေး အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်း ကျန်ရှိမြို့နယ်များတွင်လည်း လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေးအတွက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အလှည့်ကျစနစ်ဖြင့် လစဉ်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ စောင့်ရှောက်မှုပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး သမားတော်ကြီးများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ရောဂါရှာဖွေစမ်းသပ်စစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။ (ဓာတ်ပုံ)

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ရွေ့လျား ဒစ်ဂျစ်တယ်ဓာတ်မှန်မော်တော်ယာဉ်ဖြင့် မဟာမြိုင်ပရိယတ္တိစာသင်တိုက်၌ စာသင်ရဟန်းသံဃာတော်များအား တီဘီရောဂါ ရှိ/မရှိ၊ တီဘီ ရောဂါဖြစ်ဖူးသူများ၊ တီဘီဝေဒနာရှင်များအား ဆက်သွယ်၍ ခေတ်မီရွေ့လျား ဒစ်ဂျစ်တယ်ဓာတ်မှန်စက်ဖြင့် တီဘီရောဂါရှာဖွေကုသခြင်းများ အခမဲ့ ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**သက်နိုင် (မော်လမြိုင်)**

*စာမျက်နှာ ၁၆ မှ*

**မုခ်ဦးဖွင့်ပွဲပြုလုပ်၊ အခမ်းအနားကျင်းပ**

အခမ်းအနားကျင်းပပြုလုပ်သည့် တပ်နယ်အားကစားကွင်းနေရာက ရှန်းတောင်နှင့် မဝေးလှပါ။ အစီအစဉ်အရ မုခ်ဦးဖွင့်ပွဲကို စတင်ပြုလုပ်သည်။ ဆက်လက်၍ ချင်းအမျိုးသားနေ့ကို ကျင်းပရာ သဘာပတိ ဦးထန်မွမ်းခိုင်က ချင်းအမျိုးသားနေ့ နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့သည်။ ၁၉၄၈ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ပုံနှင့် ချင်းပြည်နယ်အတွင်းက ခေတ်အဆက်ဆက် ကျော်ကြားထင်ရှားခဲ့သော နယ်ချဲ့တော်လှန်ရေးခေါင်းဆောင်များ၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည့် ချင်းတိုင်းရင်းသားများ၊ အားကစားမှအစ ထူးချွန်ထက်မြက်ခဲ့သည့် ပုဂ္ဂိုလ်များအကြောင်းကို ဂုဏ်ပြုပြောကြားသွားခဲ့သည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဖတ်ကြားခဲ့ပါသည်။

ယင်းသဝဏ်လွှာတွင် ချင်းပြည်နယ်နှင့် ချင်းပြည်နယ်နေ့ကို ဂုဏ်ပြုထားသကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ခိုင်မာရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းတိုက်တွန်းဖော်ပြထားပါသည်-

**ချင်းအမျိုးသားနေ့သည် ချင်းတိုင်းရင်းသားများက ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးတိုက်ပွဲများနှင့် ပဒေသရာဇ်စနစ်ဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊ တိုက်သူကြီးအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဖော်ဆောင်ခဲ့သည့် နေ့ထူးနေ့မြတ် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ရာစုနှစ်ပေါင်းများစွာ ဖြစ်တည်ခဲ့ပြီးဖြစ်သည့် သံယောဇဉ်တရားနှင့် ချစ်ခင်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်းပြည်ပအဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးနေခြင်း၊ ကျဉ်းမြောင်းသည့် လူမျိုးရေးအယူဝါဒ သွတ်သွင်းပေးနေခြင်းတို့ကို သတိပြုကာကွယ်ကြရန် လိုအပ်ကြောင်း၊ အနာဂတ်လူငယ်များ ပညာရည်မြင့်မားရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းနိုင်ရေးနှင့် တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေးအတွက် ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် နိုင်ငံတော်က ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသလို တိုင်းရင်းသားပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်း။**

**"နိုင်ငံတော်က ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသလို တိုင်းရင်းသားပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်း"**

**တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေ**

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် အခမ်းအနား ကျင်းပရာနေရာသို့ ပြန်လည်သွားရောက်ပြီး ခင်းကျင်းပြသထားသော ပြခန်းများအား လိုက်လံကြည့်ရှုခဲ့ကြသည်။ ယင်းနောက် ချင်းတိုင်းရင်းသား ရိုးရာအကများအား ကြည့်ရှုအားပေးခဲ့ကြရာ ဟားခါးချင်းရိုးရာအကဖြစ်သော ကြောင်လိုင်ဇောင့်န် (conglaizonh) အကဖြင့် ဦးစွာဖျော်ဖြေကပြခဲ့ကြသည်။ မိမိတို့၏ဘာသာစကား၊ စာပေ၊ ရိုးရာဓလေ့၊ ယဉ်ကျေးမှုအနုပညာ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု အမွေအနှစ်များကို အမြတ်တနိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ အမျိုးသားရေးလက္ခဏာများ မတိမ်ကော မပျောက်ကွယ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် အားပေးတိုက်တွန်း သီဆိုကပြထားသောအကဖြစ်သည်။ ဒုတိယမြောက်ဖျော်ဖြေတင်ဆက်သော တီးတိန်ချင်းရိုးရာအက (Se-al) ကမူ ဖိုမီးမျိုးနွယ်စုဘာသာစကားအရ ကြယ်စုဟုအဓိပ္ပာယ်ရပြီး ကောင်းကင်မှာ ကြယ်ပွင့်လေးတွေ တစ်ပွင့်စီလှပနေသလို စုစည်းလိုက်တဲ့အခါမှာလည်း လှပတဲ့ကြယ်စုအဖြစ် ပေါ်ထွက်လာတာကြောင့် ချင်းတိုင်းရင်းသားများ စည်းစည်းလုံးလုံးနေထိုင်ကြရန် ဖော်ညွှန်းထားသော ရိုးရာအက ဖြစ်ပါသည်။

တတိယမြောက် တင်ဆက်ကပြသွားသည့် ဖလမ်းချင်းရိုးရာအကမှာ လူမျိုးဘာသာမခွဲခြားဘဲ တစ်ကိုယ်ကောင်းဆန်သောစိတ်၊ သဘောထားသေးသိမ်သောစိတ်များကို ဖယ်ရှားကာ ချင်းလူမျိုးများ၏ ယဉ်ကျေးမှုထုံးတမ်းဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံနှင့်လူမျိုးအတွက် စည်းလုံးညီညွတ်စွာဖြင့် လက်တွဲညီညီ ရှေ့သို့ချီတက်ရန်ဟု အဓိပ္ပာယ်ရကြောင်း သိရသည်။ စတုတ္ထမြောက် အကအဖွဲ့ကမူ မင်းတပ်ချင်းရိုးရာအကအဖွဲ့ ဖြစ်ပါသည်။ လုံပူးပွဲတော်အကဟု အမည်ပေးထားပြီး ဝိုင်းဖွဲ့ကပြရသော အောင်ပွဲခံအကဟူ၍လည်း သိရသည်။ ပဉ္စမမြောက် မတူပီမြို့နယ်အဖွဲ့၏ အကကိုမူ အောက်ချင်းငှက်အကဟု အမည်ပေးထားပြီး အောက်ချင်းငှက်တို့၏ ချစ်ခင်မှု၊ ပျော်ရွှင်မှု၊ သစ္စာရှိမှု၊ လွမ်းဆွတ်တသမှုတို့ကို ရည်ညွှန်း၍ လှုပ်ရှားပုံသန်းပုံများနှင့် ကကွက်ဖော်ထားခြင်း ဖြစ်ပါသည်။ ဆဋ္ဌမမြောက် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဟားခါး (Sar Lam) အကသည် အမျိုးသား အမျိုးသမီးကြားညှပ်ကရသော အကဖြစ်သည်။ တူရိယာအားလုံး တီးမှုတ်လျက် လုံများ၊ ဓားများ၊ ဒိုင်းများကိုင်ဆောင်၍ တကယ့်တိုက်ပွဲဝင်ဟန်၊ ဇာတိသွေးဇာတိမာန်အပြည့်ဖြင့် ကပြရပြီး ခေါင်းကျွဲ၊ ဘွေသဲပွဲများတွင် အဓိကထားကပြသော အကဖြစ်ကြောင်း သိရသည်။ သတ္တမမြောက်အဖွဲ့အဖြစ် ချင်းတို့ဌာနေအကကို စုပေါင်းကပြခဲ့ကြသည်။ ချင်းပြည်နယ်အတွင်းရှိ မြို့များ၏ အမည်ကို ရွတ်ဆိုသီကုံးထားသော သီချင်းဖြင့် ကပြကြခြင်းဖြစ်သည်။ ချင်းရိုးရာဓလေ့များနှင့် ဘိုးဘွားတို့၏အမွေဖြစ်သော ရိုးသားမှုကို လက်ဆင့်ကမ်းခံယူကြရင်း ချင်းပြည်နယ်ငြိမ်းချမ်းစေဖို့ တောင်းဆုပြုထားသော အကလည်း ဖြစ်ပါသည်။ အဋ္ဌမမြောက် အကအဖွဲ့ကမူ ဟားခါးဝါးညှပ်အကဖြင့် တင်ဆက်သွားခဲ့သည်။ လူငယ်မောင်မယ်များအနေဖြင့် မိမိတို့၏ တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ်ပါဝင်၍ ကျရာကဏ္ဍအလိုက် တာဝန်ကိုယ်စီထမ်းရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ထားသောအက ဖြစ်ပါသည်။

သီဆိုကပြဖျော်ဖြေမှုများအပြီးတွင် ချင်းတိုင်းရင်းသူအဆိုတော် ဗန်နှဲမ်ရွှေက ချင်းတောင်ပေါ်မှ ဖိတ်ခေါ်ပါသည်နှင့် တို့တောင်ပေါ်မြေ တေးသီချင်းနှစ်ပုဒ်ကို သီဆိုဖျော်ဖြေနှုတ်ဆက်ခဲ့သည်။ ယင်းနောက် စင်မြင့်ရှေ့ မြေကွက်လပ်တွင် ဧည့်သည်တော်အားလုံးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများစုပေါင်း၍ ချင်းရိုးရာသီချင်းကို သီဆိုကာ မီးပုံပွဲသဏ္ဌာန် ဝိုင်းဝန်း၍ကခဲ့ကြသည်။ ထိုနေ့က ဒေသခံတိုင်းရင်းသား တိုင်းရင်းသူ ၇၀၀ ကျော် တက်ရောက်၍ ချင်းအမျိုးသားနေ့ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် ဟားခါးမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ လူနာများအား တွေ့ဆုံအားပေးပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြပါသည်။

**တောင်ဇလပ်မြေ တည်ငြိမ်အေးချမ်းပါစေ**

လူဦးရေ ၅၅၀၀၀၀ ကျော်ရှိသော ချင်းတို့ဌာနေ တောင်ဇလပ်မြေ ထာဝရတည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်စေချင်ပါသည်။ ဒေသဝမ်းစာဖူလုံ၍ အခြားသောသီးနှံများဖြစ်သည့် ဂျုံ၊ ပြောင်း၊ ပဲ အမျိုးမျိုးနှင့် ဝဥစိုက်ပျိုးရေးလုပ်ငန်းများ၊ နွားနောက်မွေးမြူရေးလုပ်ငန်းများလည်း ဖြစ်ထွန်းအောင်မြင်စေချင်ပါသည်။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ထန်တလန်မြို့မှ မြို့မိမြို့ဖများ၊ ဟားခါးမြို့ ခရစ်ယာန်အသင်းတော်များမှ ဆရာတော်ကြီးများအား သီးခြားစီတွေ့ဆုံ၍ နှုတ်ဆက်အမှာစကား ပြောကြားရာ၌ ဒေသတည်ငြိမ်အေးချမ်းရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲညီညီ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။ လာမည့် ၂၀၂၅ ခုနှစ် ချင်းအမျိုးသားနေ့တွင် ချင်းပြည်နယ်ကြီးတစ်ခုလုံး ထာဝရတည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလျက်...။

# ဂျပန်နိုင်ငံက ရွာလေးတစ်ရွာလို ဖန်တီးပေးထားတဲ့ ပြင်ဦးလွင်မြို့နယ်မှ Japanese Style Recreation Center



❑ ယဉ်လာဒ်၊ ဓာတ်ပုံ- ပြည့်ဖြိုးကျော်

**အေး**ချမ်းလှပတဲ့ တောင်လေ့ကားမြို့တော်လို့ ခေါ်ဆိုကြတဲ့ ပြင်ဦးလွင်မြို့ဟာ ခရီးသွားမြို့တော်တစ်ခုဖြစ်ပြီး ပြည်တွင်းပြည်ပဧည့်သည်တွေ အများဆုံး လာရောက်လည်ပတ်ကြပါတယ်။ ပြင်ဦးလွင်မြို့ဟာ သဘာဝရေမြေရာသီဥတုအေးချမ်းသာယာတဲ့အပြင် မြို့ပေါ်မှာ လေ့လာစရာတွေ၊ လည်ပတ်စရာ နေရာတွေ များပြားလှတာမို့ ခရီးသွားဧည့်သည်တွေရဲ့ စိတ်ဝင်စားခြင်းခံရတဲ့ မြို့တော်လည်း ဖြစ်ပါတယ်။

ပြင်ဦးလွင်မြို့မှာ ယခင်ရှိတဲ့ သဘာဝခရီးသွား နေရာတွေအပြင် ခရီးစဉ်နေရာအသစ်တွေကို ဖန်တီးဖော်ထုတ်ကြတာတွေလည်း များပြားလာပါတယ်။ မတူကွဲပြားတဲ့ စိတ်ကူးကောင်းကောင်း များနဲ့ ရင်းနှီးမြှုပ်နှံချင်ကြတဲ့ လုပ်ငန်းရှင်တွေလည်း ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီလိုဖန်တီးထားတဲ့ ခရီးစဉ်နေရာတွေအနက် ဂျပန်နိုင်ငံရဲ့ ရိုးရာအငွေ့ အသက်တွေနဲ့ လွှမ်းခြုံထားပြီး ဂျပန်ရွာလေးတစ်ရွာလို ဖန်တီးပြုလုပ်ပေးထားတဲ့ Japanese Style Recreation Center ကို ဒီတစ်ပတ်ရဲ့ ခရီးသွား လမ်းညွှန်အနေနဲ့ ဖော်ပြပေးချင်ပါတယ်။

ပြင်ဦးလွင်မြို့ရဲ့ ၁၀ မိုင်ကျော်အကွာမှာ တည်ရှိပြီး မန္တလေး-လားရှိုးလမ်းမကြီးအတိုင်း သွားရောက်ရင် ပိတ်ချင်းမြောင်ဘက်သွားတဲ့ လမ်းမကြီးဘေးမှာ Japanese Style Recreation Center ကို ဖော်ဆောင်ထားတာ ဖြစ်ပါတယ်။ မြေအကျယ် ငါးဧကအပေါ်မှာ တည်ဆောက်ထားပြီး ဂျပန်ရွာလေးတစ်ရွာကို ရောက်ရှိ သွားသလို ခံစားမှုမျိုးကို ရရှိစေအောင် ဖန်တီးပေး ထားတဲ့နေရာ ဖြစ်ပါတယ်။

"စိတ်ကူးမိတာက ဂျပန်လိုမျိုး Themes တစ်ခု လိုအပ်မယ်ထင်လို့ အခုလို အကောင်အထည်ဖော်ခဲ့တာပါ။ လက်ရှိမှာတော့ တစ်နေ့ကို ဧည့်သည် ၃၀၀ ကျော်လောက် ဝင်ရောက်လေ့လာကြပါတယ်" ဟု Japanese Style Recreation Center ရဲ့ ဒီဇိုင်း ပရောဂျက်တာဝန်ခံမန်နေဂျာ ကိုအောင်ကျော်ကျော်က စာရေးသူကို ပြောပြပါတယ်။

ပြင်ဦးလွင်မြို့နယ်ရဲ့ တစ်ခုတည်းသော ဂျပန် အငွေ့အသက်တွေနဲ့ ရွာလေးတစ်ရွာအဖြစ် ပြင်ဦးလွင်မြို့ကို အလည်ရောက်ခဲ့ရင် မဖြစ်မနေ လည်ပတ်ရမယ့်နေရာတစ်ခုအဖြစ် ဖန်တီးထားတဲ့ Japanese Style Recreation Center ရဲ့ Soft Opening ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်ကမှ ကျင်းပ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ဝင်ကြေးအနေနဲ့ တစ်ဦး ကို ကျပ် ၅၀၀၀ သတ်မှတ်ထားပြီး ငါးနှစ်အောက် ကလေးတွေကတော့ အခမဲ့ဖြစ်ပါတယ်။ ကင်မရာ တစ်လုံးကို ကျပ်ငါးသောင်း သတ်မှတ်ထားပြီး မင်္ဂလာဆောင်ပွဲတွေအတွက်အကြို (Pre wedding) ဓာတ်ပုံရိုက်ကူးမယ်ဆိုရင် တစ်နာရီကို ကျပ်ငါးသိန်း သတ်မှတ်ထားပါတယ်။

လက်ရှိမှာတော့ Japanese Style Recreation Center ထဲကို အလည်အပတ်နဲ့ ဓာတ်ပုံရိုက်ခြင်း သီးသန့်ကိုသာ ဝန်ဆောင်မှုပေးထားပြီး ဂျပန်ရွာ ထဲက ကုန်းမြင့်သာ Resort မှာ ညအိပ်တည်းခိုခွင့်ကို ခွင့်မပြုသေးဘူးလို့ သိရပါတယ်။ မကြာခင်မှာ ကုန်းမြင့်သာ Resort ကို ဖွင့်လှစ်ဖို့ စီစဉ်ဆောင်ရွက် နေပြီး ကုန်းမြင့်သာ Resort ကို ဘန်ဂလိုပုံစံနဲ့ ဘန်ဂလို ၁၀ လုံး ကနေ ၁၂ လုံးအထိ ဆောက်လုပ် သွားမယ်လို့ သိရပါတယ်။

"ကျွန်မတို့မြို့မှာ အခုလို လည်စရာပတ်စရာ နေရာတစ်ခုကို ဖန်တီးပေးလာတော့ ဝမ်းသာပါ တယ်။ စိတ်ကူးလည်း ကောင်းတယ်။ ချယ်ရီပင်ကို တောင် နိုင်ငံခြားကနေ သိန်းတစ်ထောင်ကျော်ဖိုး မှာပြီး စိုက်ပျိုးထားတာလို့ သိရတယ်"ဟု Japanese Style Recreation Center ကို အကောင်အထည် ဖော်တဲ့ ဒေသခံလုပ်ငန်းရှင်နဲ့နီးစပ်တဲ့ ပြင်ဦးလွင် မြို့က လုပ်ငန်းရှင်တစ်ဦးက စာရေးသူကို ပြောပြ ပါတယ်။

မန္တလေးကနေ သွားရောက်လည်ပတ်ခဲ့တဲ့ ကိုပြည့်ဖြိုးကျော်ကတော့ ဂျပန်ရွာထဲမှာ ဓာတ်ပုံ ကောင်းကောင်းရိုက်နိုင်တဲ့ နေရာတွေများစွာကို ပုံဖော်ထားပြီး ဓာတ်ပုံရိုက်ဝါသနာပါတဲ့သူတွေ လည်ပတ်သင့်တဲ့နေရာတစ်ခုဖြစ်တယ်လို့ စာရေးသူ ကို ပြောပါတယ်။


ပြင်ဦးလွင်မြို့မှာ အမျိုးသားကန်တော်ကြီး ဥယျာဉ်၊ ဘုရင်ခံအိမ် (ခေါ်) Governors House၊ ဓာတ်တော်ချိုင့်ရေတံခွန်၊ Fame Organic Project၊ ပိတ်ချင်းမြောင်၊ ဒီဇင်ဘာခြံ၊ ဘန့်ဘွေးကျင်းရေတံခွန်၊ ဒိုင်နိုဆောဥယျာဉ်၊ ပွဲကောက်ရေတံခွန်တို့ဟာ ခရီး သွားဧည့်သည်တွေ မဖြစ်မနေ သွားရောက်လည်ပတ် ကြတဲ့ အထင်ကရ ခရီးစဉ်နေရာတွေ ဖြစ်ပါတယ်။

အခုအခါမှာတော့ ပြင်ဦးလွင်မြို့နယ်ရဲ့ ခရီးသွား နေရာသစ်တစ်ခုလည်းဖြစ်ပြီး ဂျပန်နိုင်ငံက ဂျပန် ရိုးရာရွာလေးတစ်ရွာလို ဖန်တီးပေးထားတဲ့ Japanese Style Recreation Center လို့ခေါ်တဲ့ ဂျပန် ရွာကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြလိုက်ရပါတယ်။





ဂျပန်ရိုးရာအငွေ့အသက်များဖြင့် ဖန်တီးထားသော ဂျပန်ရွာအတွင်း မြင်ကွင်းများ။



ဂျပန်ရွာအတွင်း လည်ပတ်နေသော ပြည်တွင်း ခရီးသွားများ။

## ငှက်မျိုးစိတ်များအကြောင်း လေ့လာနိုင်မည့် လှော်ကားဥယျာဉ်မှ ငှက်ကြည့်ခရီးစဉ်များ

ရန်ကုန်မြို့ လှော်ကားဥယျာဉ်၌ အရောင်အသွေး အမျိုးအစားစုံလင်စွာ တွေ့နိုင်သည့် ငှက်မျိုးစိတ်များအကြောင်း လေ့လာချင်သူတို့အတွက် ငှက်ကြည့်ခရီးစဉ် (Bird Watching Tour) ကို အနည်းဆုံး လူဦးရေ နှစ်ဦးမှစတင်ကာ အသင်းအဖွဲ့နှင့် ကျောင်းများအတွက်ပါ စီစဉ်ပေး နေကြောင်း အဆိုပါဥယျာဉ်မှ သိရသည်။

ကမ္ဘာ့ဝင်ရိုးစွန်းဒေသတွင် နေထိုင်ကျက်စားသည့် ငှက်အချို့သည် ဆောင်းရာသီတွင် ၎င်းတို့နေထိုင်ရာအရပ်မှ ပူနွေးသောအရပ်ဒေသ နှင့် အီကွေတာရပ်ဝန်းဒေသများသို့ နှစ်စဉ် ခေတ္တပြောင်းရွှေ့နေထိုင် တတ်ကြရာ လှော်ကားဥယျာဉ်သည်လည်း တွေ့ရခဲလှသည့် ဆောင်းခို ငှက်များ လာရောက်ကျင်လည်ကျက်စားရာ နေရာတစ်ခုဖြစ်သည်။

ဖေဖော်ဝါရီ ၁၁ ရက်က BIN– Birds in Nature နှင့် WWG– Wild Wings Group တို့ ပူးပေါင်းပြီး လှော်ကားဥယျာဉ်အတွင်း ငှက်လေ့လာ ခြင်း / ငှက်ကြည့်ခြင်းအစီအစဉ် (Bird Watching Tour at Hlawga Park)ကို ပြုလုပ်ခဲ့ရာ ဆောင်းခိုငှက်များနှင့် အခြားငှက်မျိုးစိတ်များ ကို လေ့လာကြည့်ရှုခြင်း၊ မြင်တွေ့ရသည့်ငှက်များကို မျိုးစိတ် ခွဲခြားပြသပေးခြင်းနှင့် မှတ်တမ်းတင်ခြင်းများပါဝင်ခဲ့ပြီး ငှက်ကြည့် ဝါသနာရှင်များ လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

လှော်ကားဥယျာဉ်၌ ငှက်မျိုးစိတ်များ မှတ်တမ်းတင်စာရင်းပြုစု ခြင်းပြုလုပ်ရာတွင် ငှက်မျိုးစိတ်ပေါင်း ၄၁ မျိုး မှတ်တမ်းရရှိခဲ့ပြီး ငှက်ကြည့်ဝါသနာရှင်များအနေဖြင့် မြန်မာ့မျိုးရင်းငှက်များ၊ ရာသီ အလိုက် သားပေါက်ရန် လာရောက်ကြသည့် ငှက်များနှင့် ဒေသရင်း ငှက်မျိုးစိတ်များကို အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်ရှုရင်း ငှက် နာမည်၊ မျိုးစိတ်နှင့် ကွဲပြားခြားနားသည့်အရောင်အသွေး အသွင် အပြင်များကို လေ့လာခွဲခြားအဖြေရှာကာ ငှက်မျိုးစိတ်များနှင့် သဘာဝ ဂေဟစနစ် ဆက်စပ်ပုံကိုလည်း မှတ်တမ်းတင်လေ့လာနိုင်မည်ဖြစ် ကြောင်း လှော်ကားဥယျာဉ်၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးထားသည်။ MT

## တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာတို့၏ ၁၂ လ ရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှု စွမ်းအားကိုဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံအဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင်အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပပြုလုပ်ကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း) များကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ရန်ကုန်မြစ်ဝမှတစ်ဆင့် ပင်လယ်ရေကြောင်းအသုံးပြု၍ မလေးရှားနိုင်ငံရေပိုင်နက်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**

## မီးသတိပြု

## ပူတာအိုတွင် တောင်ကျချောင်းရေတက်၍ ရေလယ်သောင်ပြင်ရှိ တဲအတွင်း၌ ကလေးငယ်တစ်ဦးပါ ခုနစ်ဦးကို မီးသတ်တပ်ဖွဲ့က သွားရောက်ကယ်တင်ခဲ့ရ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် တောင်ကျချောင်းရေ တက်၍ ရေလယ်သောင်ပြင်ရှိ တဲအတွင်း၌ ကလေးငယ်တစ်ဦးပါ ခုနစ်ဦးကိုမီးသတ်တပ်ဖွဲ့က သွားရောက်ကယ်တင်ခဲ့ရကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ထံမှ သိရသည်။



အဆိုပါဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၃ နာရီခန့်က ပူတာအိုမြို့နယ် မူလာရှီးဒီချောင်းအတွင်း တောင်ပေါ်တွင် မိုးရွာသွန်းမှုကြောင့် တောင်ကျရေလျှံသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားရာ ချောင်းအတွင်း ချောင်းကမ်းပါးရေကာတန်း(မြေထိန်းနံရံ) တည်ဆောက်ရေးလုပ်ငန်းရှိ လုပ်သားခြောက်ဦးနှင့် ကလေးငယ်တစ်ဦး စုစုပေါင်း ခုနစ်ဦးတို့သည်ရေလယ်သောင်ပြင်ရှိ နေထိုင်ရာတဲအတွင်း ကျန်ရှိနေကြောင်း တာဝန်သိပြည်သူတစ်ဦးက သတင်းပေးပို့လာ၍ ယင်းနေ့ နံနက်ပိုင်းတွင် ပူတာအိုခရိုင်/မြို့နယ် မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထွက်ခွာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကားတွေကော အဲဒီမှာ ရှိနေတာ။ ရေတက်တော့ ကြိုးတွေဘာတွေနဲ့ သွယ်ပြီးတော့ အဲဒီမှာ ကျန်နေတဲ့သူတွေ ဘေးကင်းတဲ့နေရာရောက်ဖို့အတွက် ကူညီဆောင်ရွက်ပေးခဲ့တာပါ။ ရေစီးကလည်း အလွန်သန်နေတာ။ သူတို့ကတော့ အမြင့်တစ်နေရာမှာ ကယ်ဆယ်ရေးကို စောင့်နေကြတာပေါ့" ဟု ဖြစ်စဉ်ကို သိရှိသူ ပူတာအိုမြို့ ဒေသခံတစ်ဦးက ပြောသည်။

**MT**

**Photo-MFSD**



## ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ အသိပညာပေးရှင်းလင်း

### တပ်ကုန်း

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးကျော်ကိုဝင်းတို့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး မလိုလားအပ်သည့် မီဒီယာအချို့၏ ကောလာဟလလုပ်ကြံသတင်းများကြောင့် စိုးရိမ်ကြောင့်ကြဖြစ်ရန် မလိုကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

### ပခုက္ကူ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက်ရှိ ရပ်ကွက်ခမ္မာရုံ၌ ယမန်နေ့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကျင်းပရာ ပခုက္ကူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ထင်လင်းအောင်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သူဇာအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်မော်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများ၏ မေးမြန်းမှုများအပေါ် ကဏ္ဍအလိုက်ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

### ဇေယျာသီရိ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ဇေယျာသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ခိုင်မင်းထွန်းနှင့် ဇေယျာသီရိမြို့နယ်ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေပါပြဋ္ဌာန်းချက်များ၊ ရည်ရွယ်ချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သတင်းတု၊ သတင်းမှားများနှင့်ကောလာဟလများ မယုံကြည်ကြစေရန် ရှင်းလင်းဟောပြောပြီး တက်ရောက်လာသည့် ပြည်သူများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားပေးကာ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာသတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၉၅ ကျပ် | ၂၆၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၄၀ ကျပ် | ၂၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၇၅ ကျပ် | ၂၉၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၇၃၀ | ၆၁၃၂၀၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၁၀၇၂ | ၃၁၀၆၈၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၂ | ၁၅၀၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၅၆၂ | ၈၄၃၅၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၅ | ၁၂၀၀၀ |
| EFR | ၁၇၀၀ | ၁၈၀၀ | ၉၄ | ၁၆၄၃၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၁၀ | ၄၈၀၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၅၀၄ | ၈၅၆၈၀၀ |

# MNL Cup ပြိုင်ပွဲအပါအဝင် လာမည့်ရာသီသစ်အတွက် ပြင်ဆင်နေသည့် ရှမ်းယူနိုက်တက်အသင်း

**ရန်ကုန်  ဖေဖော်ဝါရီ  ၂၄**

၂၀၂၄ – ၂၀၂၅ ရာသီအတွက် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများ အပြိုင်အဆိုင်ပြင်ဆင်နေသလို ရည်မှန်းချက်ကိုယ်စီအကောင်အထည် ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ချန်ပီယံမျှော်မှန်းနိုင်သည့် အသင်း၊ ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် ကြိုးပမ်းနေသည့်အသင်း၊ တန်းမဆင်းရရန် ကြိုးပမ်းနေသည့်အသင်းများသည် ရည်မှန်းချက်ကိုယ်စီဖြင့် ကစားသမားသစ်ခေါ်ယူခြင်းအပါအဝင် ရာသီကြိုပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ယခုနောက်ပိုင်းကာလတွင် MNL ပြိုင်ပွဲ၌ ကြီးစိုးထားသည့် စံချိန်တင် လေးရာသီဆက် ချန်ပီယံ ရှမ်းယူနိုက်တက် အသင်းမှာလည်း ကစားသမားသစ်ခေါ်ယူခြင်း၊ နည်းပြချုပ်အသစ် ခန့်အပ်ခြင်းနှင့် နည်းပြအဖွဲ့ဝင်များ အင်အားဖြည့်တင်းခြင်းအပါအဝင် ရာသီကြိုပြင်ဆင်မှုများ စနစ်တကျပြုလုပ်လျက်ရှိသည်။



**စံချိန်တင်အောင်မြင်မှုများစွာ ပိုင်ဆိုင်ထား**

ရှမ်းယူနိုက်တက်အသင်းသည် MNL အမှတ်ပေးပြိုင်ပွဲ နောက်ဆုံး ခြောက်ရာသီ၌ ၂၀၁၇၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂၊ ၂၀၂၃ ရာသီတို့တွင် ငါးကြိမ် အထိ ဗိုလ်စွဲထားသလို MNL ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံး အဖြစ်၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂၊ ၂၀၂၃ (၂၀၂၁ တွင် ပြိုင်ပွဲမကျင်းပဖြစ်) လေးရာသီဆက် ချန်ပီယံဆုရယူနိုင်ခဲ့သည်။ ထို့ပြင် ၂၀၁၉၊ ၂၀၂၂၊ ၂၀၂၃ ရာသီတို့တွင် သုံးကြိမ်မြောက် တစ်ရာသီလုံးရှုံးပွဲမရှိစံချိန်၊ ၂၀၂၂၊ ၂၀၂၃ ရာသီတွင် နှစ်ရာသီဆက်တိုက် ရှုံးပွဲမရှိစံချိန်ကောင်းများ ပိုင်ဆိုင်ထား သလို ၂၀၂၀ ရာသီကတည်းက တင်ရှိထားသည့် လိဂ်ပွဲရှုံးပွဲမရှိစံချိန်မှာ လည်း ၅၆ ပွဲအထိ ရှိလာပြီဖြစ်သည်။ စံချိန်တင်အောင်မြင်မှုများစွာ ပိုင်ဆိုင်ထားသည့် ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီတွင် လည်း အောင်မြင်မှုအစဉ်အလာကောင်းများ ဆက်ထိန်းထားနိုင်ရန် ကြိုးပမ်းနေသလို ရေရှည်အောင်မြင်မှုရစေရန် လူငယ်စီမံကိန်းများ အကောင်အထည်ဖော်မည့်အပြင် အသင်းရည်မှန်းချက်တစ်ခုဖြစ်သော မြန်မာ့လက်ရွေးစင်နှင့် သက်တမ်းအလိုက်လူငယ်လက်ရွေးစင်အသင်း များအတွက် ကစားသမားကောင်းများ မွေးထုတ်နိုင်ရေးကိုပါ ဆောင်ရွက် လျက်ရှိသည်။

ရှမ်းယူနိုက်တက်အသင်း၏ ရာသီကြိုပြင်ဆင်မှုများနှင့် ပတ်သက်၍ အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက "ကျွန်တော်တို့အသင်းအနေနဲ့ မတ်လမှာ စတင်ယှဉ်ပြိုင်ရမယ့် MNL Cup ပြိုင်ပွဲအပြင် လာမယ့် ရာသီတစ်ခုလုံးအတွက်ပါ ပြင်ဆင်နေပါတယ်။ ကျွန်တော်တို့အသင်း က ပြည်တွင်းပြိုင်ပွဲတွေအပြင် ပြည်ပပြိုင်ပွဲတွေပါ ယှဉ်ပြိုင်ရမှာ ဖြစ်တာကြောင့် နှစ်ခုစလုံးအတွက် ပြင်ဆင်နေတာဖြစ်ပါတယ်။ နည်းပြအဖွဲ့ကိုလည်း အင်အားဖြည့်တင်းထားပြီး နှစ်ရာသီဆက် ရှုံးပွဲမရှိ စံချိန်နဲ့အတူ MNL အမှတ်ပေးချန်ပီယံရရှိခဲ့တဲ့ ဦးဟန်ဝင်းအောင်ကို ပိုမိုအရေးပါတဲ့ရာထူးဖြစ်တဲ့ ရှမ်းယူနိုက်တက်အသင်းအားလုံးရဲ့ မန်နေဂျာအဖြစ် ပြောင်းလဲတာဝန်ပေးပြီး နည်းပြချုပ်သစ်အဖြစ် ဦးမျိုးလှိုင်ဝင်းကို ခန့်အပ်ခဲ့ပါတယ်။ ဒါ့အပြင် အားကစားဒါရိုက်တာအဖြစ် ဂျပန်နိုင်ငံသား နည်းပြကို ခန့်အပ်ထားပါတယ်။ သူ့အနေနဲ့ လူငယ် စီမံကိန်းတွေကို အဓိကလုပ်ဆောင်မှာဖြစ်ပေမယ့် စီနီယာအသင်းက ကစားသမားတွေရဲ့ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲတွေ ယှဉ်ပြိုင်တဲ့အခါမှာ စွမ်းဆောင်ရည်တွေကို တစ်ဦးချင်းစီအလိုက် ဆန်းစစ်ပေးရမှာဖြစ်ပြီး နောက်ဆုံးပေါ် နည်းပညာတွေ၊ နည်းစနစ်ပိုင်းဆိုင်ရာတွေကိုလည်း နည်းပြအဖွဲ့တွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးရမှာပါ။ ဒါ့အပြင် ကျွန်တော်တို့ အသင်းက ဦးစီးလုပ်ဆောင်မယ့် အကယ်ဒမီကျောင်းနဲ့ လူငယ်ဘောလုံး သင်တန်းတွေမှာလည်း အားကစားဒါရိုက်တာကပဲ ဦးစီးလုပ်ဆောင် မှာပါ။ လူငယ်ဘောလုံးသင်တန်းတွေကို ကျောင်းစာမေးပွဲတွေပြီးတဲ့ မတ်လလောက်မှာ စတင်ဖို့ ရည်ရွယ်ထားပါတယ်။ အသင်းလည်ပတ်ဖို့ အတွက် စပွန်ဆာရရှိအောင်လည်း ဆောင်ရွက်နေပြီး လက်ရှိမှာ ရင်ဘတ် စပွန်ဆာရရှိထားပါတယ်။ ကျန်တာကိုတော့ ကျွန်တော့် ကုမ္ပဏီဖြစ်တဲ့ ဝမင်း ကုမ္ပဏီကပဲ အကုန်အကျခံဆောင်ရွက်မှာပါ။ ဒါ့အပြင် ဝင်ငွေရရှိဖို့ စီမံခန့်ခွဲမှုအဖွဲ့က လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ လာမယ့်ရာသီအတွက် အသုံးပြုမယ့် ဘတ်ဂျက်အပေါ်မူတည်ပြီး အသင်းနဲ့အံဝင်မယ့်သူ၊ လိုအပ်တဲ့နေရာတွေကို အင်အားဖြည့်တင်းထား ပါတယ်။ နိုင်ငံခြားသားကစားသမားတွေလည်း ခေါ်ယူထားပြီး ပြည်တွင်းကစားသမားတွေ ခေါ်ယူရာမှာ ရေရှည်အတွက်ရည်ရွယ်ပြီး လူငယ်ကစားသမားတွေကို ဦးစားပေးခေါ်ယူထားပါတယ်။ ပြည်ပ ပြိုင်ပွဲတွေမှာ ရလဒ်ကောင်းရယူနိုင်ဖို့အတွက်လည်း သေချာပြင်ဆင် ထားပါတယ်။ ကစားသမားသစ်ခေါ်ယူရာမှာ အသင်းအမှုဆောင်အရာရှိ ချုပ်၊ နည်းပြချုပ်နဲ့ နည်းပြအဖွဲ့ကို လုပ်ပိုင်ခွင့်အပြည့်အဝပေးထားပါ တယ်။ ကျွန်တော်တို့အသင်းအနေနဲ့ လက်ရွေးစင်အသင်းနဲ့ သက်တမ်း အလိုက်လူငယ်လက်ရွေးစင်အသင်းတွေ ရလဒ်ကောင်းလာဖို့၊ ဒီအသင်း တွေအတွက် ကစားသမားကောင်းတွေ ထွက်ပေါ်လာဖို့ ကြိုးစားနေ ပါတယ်။ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းတွေကလည်း လက်ရွေးစင် အသင်းတွေ အောင်မြင်မှုရဖို့ ဝိုင်းဝန်းကြိုးပမ်းပေးနေကြတာ ဖြစ်ပါ တယ်"ဟု ပြောကြားခဲ့သည်။

**ခြောက်ကြိမ်မြောက် ချန်ပီယံဆုရရှိအောင် ကြိုးစားမှာပါ**

ဆက်လက်၍ ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက လာမည့်ရာသီ ရည်မှန်းချက်နှင့်ပတ်သက်၍ "လာမယ့်ရာသီမှာ ပထမဆုံးယှဉ်ပြိုင်ရမယ့်ပြိုင်ပွဲက MNL Cup ပြိုင်ပွဲဖြစ်ပါတယ်။ ဘောလုံး ပြိုင်ပွဲမှာ ဘာမှကြိုပြောဖို့ မလွယ်ပါဘူး။ အုပ်စုအဆင့်ကစပြီး ပွဲတိုင်းကို အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ရမှာပါ။ အသင်းတိုင်းက ပြင်ဆင်ထားတဲ့ အတွက် အသင်းကြီး၊ အသင်းငယ်ဆိုတာ မရှိပါဘူး။ အောင်မြင်မှုရဖို့ ကြိုးစားရမှာပါ။ လာမယ့်ရာသီမှာ MNL အမှတ်ပေးချန်ပီယံဆုကို ကာကွယ်နိုင်အောင် ကြိုးစားပါမယ်။ အအောင်မြင်ဆုံးအသင်းဖြစ်လာဖို့ ခြောက်ကြိမ်မြောက် ချန်ပီယံဆုရရှိအောင်နဲ့ ငါးရာသီဆက် အမှတ်ပေး ချန်ပီယံဆုရယူနိုင်အောင်လည်း ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ ပြည်ပ ပြိုင်ပွဲတွေမှာလည်း ရလဒ်ကောင်းရရှိဖို့ အားထည့်လုပ်ဆောင်နေ ပါတယ်။ အသင်းတိုင်းကလည်း သေချာပြင်ဆင်နေတဲ့အတွက် ဒီရာသီ က ပိုပြီးခက်ခဲမှာပါ။ စိန်ခေါ်မှုတွေများပြီး ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ဘောလုံးရာသီဖြစ်လာမှာပါ။ ဒါပေမယ့် ကျွန်တော့်အသင်းရဲ့ အုပ်ချုပ်မှု အဖွဲ့၊ နည်းပြအဖွဲ့နဲ့ ကစားသမားတွေကို ယုံကြည်မှုအပြည့်ရှိပါတယ်။ အောင်မြင်မှုတွေ ရယူနိုင်မှာပါ"ဟု ပြောကြားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် နည်းပြချုပ်အသစ် အဖြစ် နာမည်ကြီး မြန်မာ့လက်ရွေးစင်တိုက်စစ်မှူးဟောင်း ဦးမျိုးလှိုင်ဝင်း ကို ခန့်အပ်ထားပြီး အားကစားဒါရိုက်တာအဖြစ် ဂျပန်နိုင်ငံသား ဟီရိုကီအိုနိုကို ခန့်အပ်ထားသည်။ ကစားသမားသစ်အဖြစ် ပြည်တွင်း ကစားသမား ကိုးဦး၊ ပြည်ပကစားသမား နှစ်ဦးခေါ်ယူအားဖြည့်ထား သည်။ မတ် ၁ ရက်မှ ဧပြီ ၁၉ ရက်အထိကျင်းပမည့် ၂၀၂၄ MNL Cup ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (ခ) ၌ ရခိုင်ယူနိုက်တက်၊ ကချင်ယူနိုက်တက်၊ Rainbow၊ Glory Goal အသင်းတို့နှင့် ကျရောက် နေသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–သော်လေး**

---

## ❂ ကျောဖုံးမှ

၁၅ပွဲ ဆက်တိုက်အနိုင်ရခဲ့သဖြင့် ရမှတ် ၄၅ မှတ်ဖြင့် လက်ကျန်သုံးပွဲ လိုသေးသော်လည်း ထိပ်ဆုံးတွင် ရပ်တည်ရန် သေချာခဲ့ပြီး MIU အသင်းမှာမူ ရှုံးပွဲ ကြုံတွေ့ခဲ့သဖြင့် ဒုတိယနေရာမှ ဖယ်ပေးခဲ့ရသည်။ ပွဲစဉ် (၁၅)တွင် M2K အသင်းက Futsal–19 အသင်း ကို သုံးဂိုး – တစ်ဂိုး၊ VUC အသင်းက Dream Team အသင်းကို လေးဂိုး – ဂိုးမရှိ၊ Generations အသင်းက MIU အသင်းကို ခြောက်ဂိုး – သုံးဂိုး၊ Winner Soccer အသင်းက လက်ဝဲသုန္ဒရအသင်းကို သုံးဂိုး – နှစ်ဂိုး ဖြင့် အနိုင်ရပြီး လင်းလက်အသင်းနှင့် ဖူဆယ်ချစ်သူ အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ် (၁၅) အပြီးတွင် VUC အသင်းက ၄၅ မှတ်၊ Generations အသင်းက ၃၂ မှတ်၊ MIU အသင်း က ၃၀ မှတ်၊ Winner Soccer အသင်းက ၂၉ မှတ်၊ M2K အသင်း က ၁၇ မှတ်၊ Futsal – 19 အသင်း နှင့် ဖူဆယ် ချစ်သူအသင်းတို့ ၁၆ မှတ်စီ၊ Dream Team အသင်း က ၁၅ မှတ်၊ လင်းလက်အသင်းက ၁၁ မှတ်၊ လက်ဝဲ သုန္ဒရအသင်းက ခုနစ်မှတ် ရရှိထားသည်။

**ကိုညီလေး၊ ဓာတ်ပုံ–MFF**

## ❍ ကျောဖုံးမှ

အနီးကပ်ဆုံး ထိပ်တိုက်တွေ့ဆုံထားပြီး လီဗာပူး အသင်းက နှစ်ကြိမ်စလုံး ပယ်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရရှိကာ ဖလားဆွတ်ခူးထားနိုင်တယ်။ ဒါကြောင့် ယခုအကြိမ် တွေ့ဆုံတဲ့ဗိုလ်လုပွဲမှာရော လီဗာပူးကို ချယ်ဆီးအသင်း နိုင်ပွဲရယူကာ ရှုံးကြွေးပြန်ဆပ်သွား နိုင်မလား သို့မဟုတ် ရှုံးကြွေးထပ်တင်သွားမလား စိတ်ဝင်စားဖွယ်ရာကောင်းလာတယ်။

ချယ်ဆီးအသင်းက ကာရာဘောင်ဖလားကို ငါးကြိမ်ဆွတ်ခူးထားပြီး နောက်ဆုံးဆွတ်ခူးရရှိထား တာက ၂၀၁၅ ခုနှစ်မှာ ဖြစ်ပါတယ်။ ယခုဗိုလ်လုပွဲကို လီဗာပူးအသင်းမှ အလစ္စဆန်ဘက္ကာ၊ ဂျိုတာ၊ ကာတစ်ဂျုံးစ်၊ အာနိုး၊ အယ်ကန် တာရာ၊ ဂျိုးမာတစ် စတဲ့ကစားသမားတွေ ပါဝင်လာဖွယ်မရှိဘူး။

ယခုအကြိမ်တွေ့ဆုံမှုက ဗိုလ်လုပွဲဖြစ်ပြီး ဒဏ်ရာ အနာတရများပြားနေတဲ့ လီဗာပူးအသင်းက ကာရာ ဘောင်ဖလား ဆွတ်ခူးကာ ဒီရာသီဖလားလေးလုံး ဆွတ်ခူးရေး အိပ်မက်ကို ဆက်လက်မက်ခွင့်ရသွား မလား သို့တည်းမဟုတ် ချယ်ဆီးအသင်းက ခြောက်နှစ် ကြာ ဝေးကွာနေတဲ့ ပထမဆုံး ပြည်တွင်းဖလားကို ဆွတ်ခူးသွားနိုင်မလား စိတ်ဝင်စားဖွယ်ရာ စောင့်ကြည့် သွားရမှာ ဖြစ်ပါတယ်။

**အောင်ဇော်**

---

# မန်ယူကို အကြိတ်အနယ်ကစားပြီး ဖူလ်ဟမ်အသင်း အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၂၆) မှ ဖေဖော်ဝါရီ ၂၄ ရက် ည ၉ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် ဖူလ်ဟမ်အသင်း ပွဲစဉ်တွင် ဖူလ်ဟမ်အသင်းက နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဓိက အားထားရသည့် တိုက်စစ်ကစားသမား ဟွိုက်လန်း ဒဏ်ရာကြောင့် ပါဝင်လာနိုင်ခြင်းမရှိသော မန်ယူအသင်းသည် ရက်ဖို့ဒ်ကိုအားပြုကာ ၄–၂–၃–၁ ပုံစံဖြင့် ဖူလ်ဟမ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ပထမပိုင်း ပွဲချိန်တွင် တစ်ဖက်နှင့်တစ်ဖက် အပြန် အလှန် ဂိုးကန်သွင်းချက်များ၊ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ဖန်တီးမှုများပြုလုပ်နိုင်ခဲ့သည့်အတွက် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။

ဒုတိယပိုင်းတွင် အိမ်ရှင်မန်ယူအသင်းသည် သိသိသာသာ ကစားအားကျသွားခဲ့ပြီး ပြိုင်ဘက် ဖူလ်ဟမ်အသင်းက တရစပ်ဖိအားပေးတိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့သည်။ ပွဲချိန် ၆၅ မိနစ်တွင် ဖူလ်ဟမ် အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ဘတ်စေက သွင်းယူခဲ့ သည်။ ပွဲချိန် ၈၉ မိနစ်တွင် မက်ဂွိုင်းယားက ချေပဂိုး သွင်းပေးနိုင်ခဲ့သော်လည်း နာကျင်အချိန်ပို ၉၇ မိနစ် တွင် အီယိုဘီက ဖူလ်ဟမ်အသင်းအတွက် အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

ဖူလ်ဟမ်အသင်းသည် ယခုနိုင်ပွဲကြောင့် ၂၆ ပွဲ ကစားပြီး ရမှတ် ၃၂ မှတ် ရရှိလာပြီဖြစ်သည်။ မန်ယူ အသင်းက ယခုပွဲရှုံးနိမ့်ခဲ့သည့်အတွက် ၂၆ ပွဲ ကစားပြီး ရမှတ် ၄၄ မှတ်ဖြင့် အဆင့်(၆)တွင် ရပ်တည်နေသည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် အက်စ်တွန် ဗီလာက နော်တင်ဟမ်ကို လေးဂိုး – နှစ်ဂိုး၊ ပဲလေ့စ်က ဘန်လေကို သုံးဂိုး – ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး ဘရိုက် တန်နှင့် အဲဗာတန်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**



မန်ယူနှင့် ဖူလ်ဟမ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/1102 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ နတ်သျှင်နောင်ရပ်ကွက်၊ ကေတုမတီ အထက Grade-8(A) မှ မောင်ထူးနိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်ဦး ၇/တငန(နိုင်)၁၃၉၁၄၅ ဖြစ်ပါကြောင်း။

**ဦးရန်နိုင်ဦး**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ဦးဇော်မျိုးကျော် (၈/ပခက(နိုင်)၁၆၃၃၂၅)၏ သမီး မနေခြည်ဝင့်ထည် အား မနဒီဝင့်ထည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနဒီဝင့်ထည်**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၅)လမ်း၊ အမှတ် (၅၁၁)၊ ဒုတိယထပ်၊ ခေါင်းရင်းခန်းအား ဦးဇေထူးအောင် ၁၂/ဒဂန(နိုင်)၀၂၉၅၅၆ထံမှ ဒေါ်ပွင့်ဖြူဟန် ၆/လလန(နိုင်)၀၇၉၄၂၂က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်သည်။

အဆိုပါအခန်းအား ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ခိုင်လုံသော သက်သေခံစာရွက်စာတမ်းများယူဆောင်၍ ကျွန်မထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ပွင့်ဖြူဟန်**
**ဖုန်း-၀၉-၄၅၀၉၈၉၆၅၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃၄၈)၊ ၂၀/၄၆ ရပ်ကွက်၊ မြောင်းမြ-၆လမ်း၊ အကျယ်အဝန်း (ပေ ၄၀ xပေ ၆၀)ရှိ ဦးသန်းစုနိုင် အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစားမြေကွက်အားရောင်းချသူ ၁။ ဒေါ်စန်းစန်းချို(၁၂/အစန(နိုင်)၀၃၈၁၉၈၊ ၂။ ဦးမျိုးကို (၁၄/လပတ(နိုင်)၂၃၉၇၆၂)တို့မှ တရားဝင်ပိုင်ဆိုင်လျက်ရှိပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါမြေအား အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ထိုမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေအရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်မိုးမြတ်(LL.B) (D.B.L) စဥ် -၁၆၂၁၂**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဂ-၃)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၆၉၉၁၂၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၃)လမ်း၊ အမှတ်(၅၈)၊ ၆-လွှာ(က) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးပြည့်စုံအောင် (၁၂/ဗဟန(နိုင်)၀၈၃၃၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းသူလွင် (၁၂/ဥကတ(နိုင်)၁၆၆၈၃၃)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသဃက(၂၁)လမ်း၊ အမှတ်(၆၂၀)၊ (၂)ခန်း တွဲ RC (၆)ထပ်အဆောက်အအုံ၏ ပထမထပ်(၂လွှာ)(တိုက်ကိုမျက်နှာမူလျှင် (လက်ဝဲဘက်ခြမ်း)အခန်း၊ ဧရိယာ(၉၁၈)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိ သည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးစိုးဝင်း(၁၂/တမန(နိုင်)၀၇၂၇၈၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သူသူအောင် (၁၀/မလမ(နိုင်)၁၈၀၉၃၂)က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သူသူအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာကျော် LL.B.D.B.L.D.I.L.D.I.P.L.WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၅၂၆)**
**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/4485, Semi Trailer အမျိုးအစား နောက်တွဲယာဉ် လက်ဝယ်ရှိသူ ဒေါ်မာမာအေး ၁၀/ရမန (နိုင်) ၀၂၁၈၆၀ ကဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး/ပျက်စီး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/71792, Wanqiang-125, M/C ယာဉ်လက်ဝယ်ရှိသူ Mani Mandai Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/57579, Yunde-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုဇင်ထွေး ၉/ပသက(နိုင်)၁၂၆၁၄၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ကလောမြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂

| | | |
|---|---|---|
| ဒေါ်နန်းမျိုးထွေး | **နှင့်** | ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း) |
| တရားလို | | တရားပြိုင် |

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်နေ ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်နန်းမျိုးထွေးက မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ သို့တည်းမဟုတ် ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ ရက် (၁၃၈၅ ခုနှစ် တပေါင်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးလဲ့စန္ဒီမြင့်)**
**မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ ဗိုလ်တာရာလမ်း၊ အမှတ်(၄၉၉/ခ)ရှိ အကျယ်ပေ(၂၀x၆၀)ရှိ ပါမစ်အမည်ပေါက် ဦးအေးလွင် မြေကွက်အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်ဦး (၁၂/ဥကတ(နိုင်)၁၀၉၉၀၆) ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေအချို့အဝက်ပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၈၈၉)**
**အမှတ်(၃၉၁)၊ တက္ကသိုလ်လာလမ်း၊ (၁၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၀၇၈၀၉၀၁၊ ၀၉-၇၈၆၅၄၅၀၄၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ က ရပ်ကွက်၊ အကွက်အမှတ် ၀-၅၊ ဦးပိုင်အမှတ် (၄၅) ၇၁.B လမ်း၊ ၁၁၄x၁၁၅ လမ်းကြား၊ တသ စိုးလွင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးစိုးဝင်း၊ ဒေါ်ခင်သန်းဒွေးတို့က တရားပြိုင် တသ စိုးလွင် အပေါ် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၂၀၃/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးစိုးဝင်း ၉/ဝတန(နိုင်)၀၅၈၄၃၃၊ ဒေါ်ခင်သန်းဒွေး ၉/ဝတန(နိုင်)၀၉၃၉၅၃တို့က တောဂရန် တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့် ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဖဖ-၈၊ ဦးပိုင်အမှတ်(၂၂)/၄၇လမ်း၊၁၁၀A လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စန်း ၉/မနမ(နိုင်)၀၆၇၀၀၃၏ ဂရန်သက်တမ်းတိုးလျှောက်ထားလာမှုအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ၊ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံးဂရန်တွင်ပါရှိလာမည့် မင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် ထပ်မံလျှောက်ထားလာမှုအား ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်း ကြော်ငြာစေခဲ့ရာ ယခု ဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်အထိ ကန့်ကွက်သူမရှိခြင်းကြောင့် ဒေါ်ခင်စန်း အမည်ပေါက် တောဂရန် စာချုပ်အမှတ် (၁၅၈၆/၁၉၉၂/၁၉၉၃)အား ဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ် ဇ-၃၊ ဦးပိုင်အမှတ်(၃၃)ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန္ဒာ ၁၃/လရန(နိုင်)၀၉၁၆၆၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်ဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(မြောက်)ရပ်ကွက်၊ အမှတ် (၃၀)၊ ငှက်ပျောတောလမ်း နေ မဇင်မျိုးထက် (၁၂/စခန(နိုင်)၀၈၄၀၁၇) (ပထမနှစ်-မြန်မာစာ)နှင့် မတင်မျိုးမေ (၁၂/စခန(နိုင်)၀၈၅၉၄၁) (တတိယနှစ်-အင်္ဂလိပ်စာ)တို့၏ဖခင်အမည်မှာ ဦးမဲလုံး(ခ)ဦးသောင်းလွင် (၈/နမန(နိုင်)၁၉၀၈၉၇) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၂)၊ အောင်ဇေယျ (၁)လမ်း၊ (၅)လွှာ(ခြေရင်းခန်း) အကျယ်အဝန်း (၁၉ပေ x ၅၄ပေ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးအောင်ချစ် ၁၂/မဂတ(နိုင်)၀၁၀၁၅၆ တာဝန်ယူ တာဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဘုန်းမြတ်ကျော်**
**၇/ရတရ(နိုင်)၁၃၂၁၂၂**
**ဖုန်း-၀၉-၇၈၂၈၆၇၉၄၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဈေးလမ်းရှိ တိုက်အမှတ်(၁၄)၊ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ (၅-လွှာ) (ခေါင်းရင်းခန်း)၊ အခန်းအမှတ်(A-5)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဒေါ်ခင်မာချို ၁၂/ကမတ(နိုင်)၀၅၆၁၈၄နှင့် ဦးနိုင်ဝင်း ၁၂/ဒဂတ(နိုင်)၁၄၁၂၆၇တို့သည် (၂၅-၁၀-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခဲ့ကြပါသည်။ ယခုအခါ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စအား နှစ်ဦးသဘောတူ ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်စိုးထွန်း (LL.B)**
**တရားလွှတ်တော် ရှေ့နေ(စဥ်-၁၅၄၉၄)**
**အမှတ် (၈၃/၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၀၁၃၁၃၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၅)၊ မြေကွက်အမှတ်(၂၆) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစာရင်းတွင် ဦးစောဝင်းဂိတ် ၁၂/အစန(နိုင်)၀၄၃၁၅၀အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက် ဦးစောဝင်းဂိတ်ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်မျိုးထွန်း ၁၂/ဒဂရ(နိုင်)၀၁၂၄၃၂မှ လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်မြင့်(ခ)မရီအေး ၁၂/ဗဟန(နိုင်)၀၇၃၇၅၈မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်စိုးသီတာအေး -LLB, WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဥ် - ၄၈၁၇၀)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊**
**ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## ဒေါ်ကေသီအောင်(၁၂/လသယ(နိုင်)၀၅၄၇၇၂) နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးစန္ဒာထွန်း ၁၂/သဃက(နိုင်)၁၈၂၂၅၆)၊ 158, Cleeland Street, Dandenong Melbourne Victoria Austrilla နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများ သိစေရန်ကြေညာပါသည်-

ဒေါ်ကေသီအောင် (Shaboo Tanveer)အကောင့်နှင့်၎င်း၏သမီးဖြစ်သူ Annie West အကောင့်တို့မှ Facebook လူမှုကွန်ရက်မှတစ်ဆင့်ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲကျွန်ုပ်မိတ်ဆွေပုံပါProfile နှင့်ကျွန်ုပ်မိတ်ဆွေ၏ လူပုဂ္ဂိုလ်ဆိုင်ရာ ကိစ္စရပ်တို့အားရေးသား၍ ပို့စ်တင်ထားခြင်း၊ တစ်ဆင့်ကူးယူဖော်ပြခြင်းတို့ကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်စိုးစန္ဒီထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ (၂၀-၂-၂၀၂၄) ရက်၌အကြောင်းကြားစာပေးပို့၍ ထိုသို့ မမှန်မကန်ရေးသားခြင်းနှင့် ကျွန်ုပ်မိတ်ဆွေပုံအား ယူသုံးထားခြင်းတို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းမပြုလုပ်ပါရန်အသိပေးအကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်ပါသည်။

သို့သော် ဒေါ်ကေသီအောင်နှင့်၎င်း၏သမီးဖြစ်သူအကောင့်တို့မှာ အကြောင်းကြားစာလက်ခံရရှိပြီးသည့်တိုင် လူမှုကွန်ရက်ပေါ်ရှိ ၎င်းတို့တင်ထားသည့် ကျွန်ုပ်မိတ်ဆွေပုံနှင့် အကြောင်းအရာများအား ယနေ့တိုင်ဖျက်သိမ်းထားခြင်းမရှိသေးပါ။ ထို့ကြောင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်စိုးစန္ဒီထွန်းအား(Facebook)လူမှုကွန်ရက်မှတစ်ဆင့် မမှန်မကန်ရေးသားပြောဆို ပို့စ်တင်ခြင်း(Comment)မှတ်ချက်မှ ရေးသားခြင်းနှင့်(Share) တစ်ဆင့်ကူး ယူဖော်ပြခြင်းတို့အားမပြုလုပ်ပါရန် အသိပေးတားမြစ်ပါသည်။ လိုက်နာခြင်းမရှိဘဲ အထက်ပါကိစ္စရပ်များအား ဆက်လက်ပြုသူမည့်သူကိုမဆို ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ထပ်မံ၍တုံ့ပြန်ဖြေရှင်း ကြေညာတော့မည် မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံရှိသက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ကေသီအောင်နှင့် အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးချမ်းမိုး(LL.B) (စဥ်-၅၁၁၆၀)**
**အထက်တန်းရှေ့နေ**
**အမှတ်(၁၄၀)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်/နောက်ရပ်ကွက်**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၉၄၂၈၆**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၀၇နှင့် ဆက်သွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၁၀

လင်ချောင်ဝမ်း(ခ)ဦးကျော်ဝင်းနှင့် (၄င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်နန်းခင်နှင်းဖြူ)

ဒီကရီအနိုင်ရသူ

၁။ဒေါ်ဝင်းကြည်
၂။ဦးဝင်းသိန်း
၃။ဦးဝင်းရီ
၄။လင်ရှုဝါ(ခ)ဒေါ်ခင်ခင်ရီ

တရားရုံးများ

အမှတ်(ခ/၂၅၉)၊ သဇင်လမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့နေ (၁)ဒေါ်ဝင်းကြည်၊ (၂)ဦးဝင်းသိန်း၊ (၃)ဦးဝင်းရီ(ယခုနေရပ်လိပ်စာမသိသူ)တို့အား သိစေရမည်။

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၀၇တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍၊ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ရက် (၁၃၈၅ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စ ရပ်ကွက်၊ အကွက်အမှတ် တတ–၄၁၊ ဦးပိုင်အမှတ် (၅၂) ခဲစင်း မြောက်ဘက်ခြမ်း၊ ၅၂x၅၃ ကြား၊ ဘုရင့်နောင်နှင့် အောင်ဇေယျလမ်းကြားရှိ ဦးညွန့်မောင်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၃၉၉၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်မမ ၉/ပသက(နိုင်)၀၀၀၈၅၉၈၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၇၀၄၂/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးငြိမ်းချမ်းဦး ၇/အတန(နိုင်)၀၉၀၉၅၁က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ–၂၊ ဦးပိုင်အမှတ် (၁၁)၊ ၁၁၃လမ်း၊ ၅၂လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေး ၁၂/ဗဟန(နိုင်)၀၅၄၀၈၃၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၄၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဟန်ဝင်းခိုင် ၁၂/ဗဟန(နိုင်)၀၅၅၅၉၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၄၄၊ ဦးပိုင်အမှတ် (၇၂)၊ ၃၂B လမ်း၊ ၇၁x၇၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်အေး ၉/မရမ(နိုင်)၀၀၈၇၄၉၊ ဒေါ်မြင့်မြင့်ဌွေး ၉/မရမ(နိုင်)၀၀၈၆၉၅တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည–၆)၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(၀.၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် တကချစ်ရင်(ဘ)ဦးစံဝင်း(AE–၂၅၂၇၂၉)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏ တောင်ဘက်ခြမ်းမျက်နှာပွင့် တောင်မြောက်(၂၀)ပေ၊ အရှေ့ အနောက်(၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်ကို ဦးဝင်းနိုင်(ဘ)ဦးစိုးတင့် ၁၂/ဗတထ(နိုင်)၀၀၂၃၇၀မှ (၂၀၀၆)ခုနှစ်မှစ၍ အမည်ပေါက်သူ တကချစ်ရင်ထံမှ ဝယ်ယူထားသော မြေကွက် ဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်၏ မြေချထားမိန့် မူရင်း၊ လမ်းဖိုး၊မြေဖိုး ငွေသွင်းပြေစာမူရင်း၊ ဘဏ်ချလန်မူရင်းတို့မှာ အထားအသိုမှားယွင်းပြီး ပျောက်ဆုံးနေပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် အမည်ပေါက်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအေး (LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်–၁၁၉၈၀(၃၁–၁–၂၀၁၇)**
**အကွက်(၈၄၂)၊ ချမ်းမြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း–09–402616663**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၀၈နှင့်ဆက်သွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၁၁

လင်ချောင်ဝမ်း(ခ)ဦးကျော်ဝင်း နှင့် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နန်းခင်နှင်းဖြူ

ဒီကရီအနိုင်ရသူ

၁။ ဒေါ်ဝင်းကြည်
၂။ ဦးဝင်းသိန်း
၃။ ဦးဝင်းရီ
၄။ လင်ရှုဝါ(ခ)ဒေါ်ခင်ခင်ရီ

တရားရုံးများ

အမှတ်(ခ/၂၅၉)၊ သဇင်လမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့နေ (၁)ဒေါ်ဝင်းကြည်၊ (၂)ဦးဝင်းသိန်း၊ (၃)ဦးဝင်းရီ(ယခုနေရပ်လိပ်စာမသိသူ)တို့အား သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၀၈တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍၊ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့် မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ် ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ရက်၊ (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်)နေ့၊ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ခင်စိုးညွန့် )**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

